# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ရက်၊ ၂၀၁၀ခုနှစ်၊ ဩဂုတ် ၈ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၀၇)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## အာဆီယံဒေသတွင်း ပေါင်းစပ်ဆက်သွယ်မှုဆိုင်ရာ ပင်မစီမံကိန်း

# အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးအတွက် အကျိုးရှိမည့်အဖြေကို ဆောင်ကြဉ်းပေးနိုင်မည် ဒေသနှင့် အမျိုးသားအကျိုးစီးပွားတို့ကို ညီညွတ်မျှတအောင် ဆောင်ရွက်သွားနိုင်လိမ့်မည်ဟုမျှော်လင့်

နေပြည်တော် ဩဂုတ် ၈

**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက (၄၃)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ်အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။**

**အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -**

မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် ယနေ့အခါသမယတွင် ကျွန်တော့်အနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ အစိုးရများနှင့် ပြည်သူများအား နှုတ်ခွန်းဆက်သလျက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**မျှော်ခေါ်စဉ်းစား**

ယနေ့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)အား တူထောင်ခဲ့သည့် (၄၃)နှစ်မြောက် နှစ်ပတ်လည် အခါသမယဖြစ်ပါသည်။ နှစ်စဉ်နှစ်တိုင်း ဤနှစ်ပတ်လည်နေ့တွင် အာဆီယံ၏ အတိတ်ကာလဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်၍ အနာဂတ်ဦးတည်မည့် လမ်းကြောင်းကို မျှော်ခေါ်စဉ်းစားခဲ့ကြပါသည်။ ယခုနှစ်အဖို့လည်း ခြွင်းချက်မရှိပါ။ ရှေးယခင်အစဉ်အလာအတိုင်းပင် ဖြစ်ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻





# အင်းလေးကန် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက် နိုင်ငံတော်၏ သဘာဝအမွေအနှစ်တစ်ခုကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်

## အင်းလေးကန်သာယာလှပရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင်ဖော်ဆောင်

**ကြည့်ရှုစစ်ဆေး**

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် အင်းလေးဖောင်တော်ဦး ကုန်းတော်မြေထိန်းနံရံ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၇

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဩဂုတ် ၆ရက် နံနက်ပိုင်းတွင် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ဟဲဟိုးလေဆိပ်သို့ ရောက်ရှိသည်။**

**ကြည့်ရှုစစ်ဆေး**

နိုင်ငံတော်ဝန်ကြီးချုပ်သည် ဟဲဟိုးလေဆိပ်မှ မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး ညောင်ရွှေမြို့ ဖောင်တော်ပြန်ဆိပ်မှတစ်ဆင့် အင်းလေးကန်အဝင် နမ့်လတ်ချောင်းအတိုင်း ရေယာဉ်ဖြင့် ထွက်ခွာလာရာ ချောင်းတစ်လျှောက်နှင့် အင်းလေးကန်အတွင်း စက်ယန္တရားများဖြင့် သဲ၊ နုန်းတူးဖော်နေမှုနှင့် ရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် ဇေဒါ၊ ဒိုက်နှင့် ရေမှော်များ ဆယ်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော် မြတ်စွာဘုရားအား ဆွမ်း၊ ပန်း၊ ရေချမ်းတို့ ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

**ကပ်လှူပူဇော်**

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရားအား ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❍

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဩဂုတ် ၈ ရက်)

# သန့်(၄)သန့်ဖြင့် ကျန်းမာသည့် မိသားစုဘဝကို တည်ဆောက်ကြ

ကျန်းမာရေးဝန်ကြီးဌာနသည် လူ့သက်တမ်းစေ့နေနိုင်ရေး၊ ရောဂါဘယကင်းရေးဟူသော ရည်မှန်းချက်ချမှတ်ပြီး လူတိုင်း ကျန်းမာဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းများ၊ နည်းလမ်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာ၌ ရေသန့်၊ ပတ်ဝန်းကျင်သန့်၊ မိသားစုသန့်၊ အစားအစာသန့်ဟူသော သန့်(၄)သန့်ကို စီမံချက်ချမှတ်ပြီး လူတိုင်းပါဝင်စေရန် ဆောင်ရွက်ခဲ့ပေသည်။

ရေကောင်းရေသန့်မရှိခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းမှုမရှိခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုမရှိခြင်းနှင့် အစားအစာများ သန့်ရှင်းမှုမရှိခြင်းတို့သည် လူအများတွင် ရောဂါထူပြောရုံသာမက အသက်ပင်ဆုံးရှုံးနိုင်သည်။ သန့်ရှင်းမှုမရှိခြင်းကြောင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါများ၊ အသက်ရှူလမ်းကြောင်းတွင် ဖြစ်ပွားသောရောဂါများ၊ ပိုလီယိုအကြောသေရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ ကြက်ငှက်တုပ်ကွေးနှင့် ကမ္ဘာ့လူတုပ်ကွေးကဲ့သို့သော ဗိုင်းရပ်စ်ပိုးများကြောင့် ဖြစ်ပွားသောရောဂါများနှင့် ရင်ဆိုင်ကြုံတွေ့ရနိုင်သည်။

ရေကောင်းရေသန့် သောက်သုံးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်တည်ဆောက်ခြင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာဆောက်လုပ်အသုံးပြုခြင်း၊ လက်ဆေးခြင်းအပါအဝင် တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုစိုက်ခြင်း၊ သန့်ရှင်းသော အသုံးအဆောင်များ စနစ်တကျအသုံးပြုခြင်း၊ သန့်ရှင်းသော အစားအစာကို စားသောက်ခြင်းနှင့် ကျန်းမာရေးနှင့် ညီညွတ်သည့်အမူအကျင့်များကို ကျင့်သုံးပါက ရောဂါကင်းဝေးမည်ဖြစ်သည်။

လူ၏ခန္ဓာကိုယ်တွင် လက်သည် အရာဝတ္ထုအားလုံးနှင့် ထိတွေ့ကိုင်တွယ်နေရသည်ဖြစ်ရာ လက်တွင် ရောဂါပိုးနှင့် အညစ်အကြေးများရှိနေတတ်သဖြင့် လက်ကိုစင်ကြယ်စွာ ဆေးကြောရန် အဓိက အရေးကြီးပေသည်။ လက်တွင် ရောဂါပိုး ကပ်ငြိပါလာသဖြင့် လက်ကိုစင်ကြယ်စွာ ဆေးကြောခြင်း မပြုမိပါက ရောဂါပိုးသည် အစားအစာမှတစ်ဆင့် ဝင်ရောက်ပြီး ကူးစက်စေနိုင်သည်။

သို့ဖြစ်ပေရာ လူတိုင်းသည် ကျန်းမာသန်စွမ်းပြီး ရောဂါကင်းဝေးရန်အတွက် ရေသန့်၊ ပတ်ဝန်းကျင်သန့်၊ မိသားစုသန့်၊ အစားအစာသန့်ရန် လိုအပ်ပြီး တစ်ကိုယ်ရေကျန်းမာသန့်ရှင်းရေးကို အထူးလိုက်နာဆောင်ရွက်သွားကြပါက သာယာချမ်းမြေ့သည့်၊ ကျန်းမာရေးနှင့် ညီညွတ်သည့် မိသားစုဘဝကို ရရှိနိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

နေပြည်တော် ဩဂုတ် ၇

အင်းလေးကန်ဝန်းကျင် ရေရှည်တည်တံ့ရေး အထောက်အကူပြု သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၃၁ရက် နံနက်ပိုင်းက ကလောမြို့ အင်းခေါင်းကျေးရွာ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရာပြည့် တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးက ပျိုးပင်များကို တာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများထံ ပေးအပ်သည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ တိုင်းမှူးက ခါတော်မီပင်ကို စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး ဝန်ကြီး ဦးဌေးဦးအား လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၇

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Chu Cong Phung သည် ဗီယက်နမ်နိုင်ငံ Vietransinex ကုမ္ပဏီဥက္ကဋ္ဌ Mr.Nguyen Van Thanh နှင့်အဖွဲ့ဝင်များနှင့်အတူ ဩဂုတ် ၅ရက် ညနေ ၅နာရီက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး စပါးစိုက်ပျိုးရေးနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ ယင်းသို့တွေ့ဆုံရာတွင် ဝန်ကြီးဌာနရှိ လုပ်ငန်း၊ ဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

## မိုးစပါးရေတော်မိုးတော်ထွန်တုံးပိတ်ပွဲ ပုသိမ်ခရိုင်၌ကျင်းပ

ပုသိမ် ဩဂုတ် ၇

ပုသိမ်ခရိုင် ၂၀၁၀-၂၀၁၁ခုနှစ် မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ်ပွဲ အခမ်းအနားကို ဩဂုတ် ၃ရက် နံနက် ၉နာရီက ကန်ကြီးထောင့်မြို့နယ် ပွင်းယားအရှေ့ကျေးရွာအုပ်စု စိုက်ပျိုးရေးပညာပေးခန်းမအနီးရှိ လယ်မြေ၌ကျင်းပရာ ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဆွေ၊ မြို့နယ် ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးတင်ရှိန်၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းကျော်၊ ခရိုင်ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းနှင့် ခရိုင်စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကောက်စိုက်သမအဖွဲ့များ တက်ရောက်ကြသည်။

### ဆုများချီးမြှင့်

ထို့နောက် မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ်ပွဲကို ဆက်လက်ကျင်းပရာ ခရိုင်ကိုယ်စားပြု ကောက်စိုက်သမအဖွဲ့များက ယှဉ်ပြိုင်စိုက်ပျိုးကြပြီး ဆုရသူများအား ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့က ဆုများချီးမြှင့်ခဲ့ကြသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)



နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လမ်းမတော်လမ်း ကျောက်ချောခင်းခြင်းကို ဩဂုတ် ၄ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)



## နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်-နေ့လယ်-ည)

၉-၈-၂၀၁၀

- ၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇:၀၅ တရားတော် **(အာဠာနာဋိယသုတ်)** ဓမ္မပူဇာတေး
- ၇:၃၀ (၃၈)ဖြာမင်္ဂလာ
- ၇:၃၅ နံနက်ခင်းတေးပဒေသာ
- ၈:၀၀ စံတော်ချိန်+သတင်း
- ၈:၁၀ တေးသီချင်း
- ၈:၃၀ နံနက်ခင်းတေးပဒေသာ
- ၁၀:၀၀ အမှတ်တရတေးလက်ဆောင်
- ၁၀:၃၀ သတင်းစာအာဘော်
- ၁၀:၃၅ တေးပဒေသာ
- ၁၀:၄၅ လယ်ယာစီးပွား (မျှော်မှန်းသည့်ပန်းတိုင်စပါးအထွက် ကောက်ကွက်မှန်သည့်သော့ချက်) တေးသီချင်း
- ၁၁:၀၀ နေ့လယ်ခင်းသတင်း
- ၁၁:၁၀ မေတို့တွက်တာအလှကမ္ဘာ (လက်မှာရှိတဲ့အရေးအကြောင်းများ)
- ၁၁:၂၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁:၃၀ သိပ္ပံပညာသိကောင်းစရာ (သီဟိုဠ်သီးမှ အီသနော ထုတ်ယူခြင်း)
- ၁၁:၄၀ တေးပဒေသာ
- ၁၂:၀၀ စံတော်ချိန် သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
- ၁၂:၁၅ အလုပ်အကိုင်အခွင့်အလမ်း
- ၁၂:၂၀ တေးပဒေသာ
- ၁၂:၃၀ အားကစားသတင်းပဒေသာ
- ၁၂:၄၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၃:၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃:၁၀ ပညာရေးအစီအစဉ် (မူလတန်းအထက်ဆင့် မြန်မာစာ) တေးပဒေသာ
- ၁၃:၃၀ အစီအစဉ်ပြီး၏။
- ၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆:၃၀ သောတရှင်လိုရာတေး
- ၁၇:၀၀ သန်စွမ်းကျန်းမာကိုယ်ခန္ဓာ (သက်ကြီးရွယ်အိုများတွင် လိုအပ်သောအာဟာရဓာတ်များ)
- ၁၇:၁၀ ဇာနည်စစ်သည် တေးပန်းချီ
- ၁၇:၂၅ သတင်းစာဆောင်းပါး
- ၁၇:၃၅ အင်္ဂလိပ်စာသုတပဒေသာ(၁၉) ညနေခင်းတေးပဒေသာ
- ၁၈:၀၀ ညနေခင်းသတင်း
- ၁၈:၁၀ တေးချစ်သူရွေးသီ တေးပန်းချီ တေးပဒေသာ
- ၁၉:၀၀ နိုင်ငံတကာသတင်း
- ၁၉:၁၀ ရေဒီယိုဇာတ်လမ်းတွဲများ (နှလုံးသား၏အက္ခရာ) (အပိုင်း-၁) တေးသီချင်း
- ၁၉:၄၀ ပြိုးပဒေသာ (အတွေးအမြင်+၃) နိုင်ငံရေးဦးတည်ချက်
- ၂၀:၀၀ ပြည်တွင်းသတင်း တေးသီချင်း
- ၂၀:၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (တေးသံရှင် L ခွန်းရီ နဲ့ ဦးသောင်းထိုက်) စီးပွားရေးဦးတည်ချက်
- ၂၁:၀၀ သီချင်းကြီး လူမှုရေးဦးတည်ချက်
- ၂၁:၁၅ ခံစားနားဆင် မြန်မာတေးသံစဉ်
- ၂၁:၂၀ ညချမ်းချိန်ခါ တေးပဒေသာ
- ၂၁:၅၉ အဖိတ်နေ့နှိုးဆော်ချက်
- ၂၂:၀၀ အစီအစဉ်ပြီး၏။

# အာဆီယံသည် စီးပွားရေးတိုးတက်ရှင်သန်အောင်မြင်လျက်ရှိသည့် ဒေသတစ်ခု၏ လမ်းဆုံ လမ်းခွတွင် တည်ရှိနေ

## ဒေသ၏ သယ်ယူပို့ဆောင်ရေး၊ သတင်းနှင့် ဆက်သွယ်မှုနည်းပညာ၊ ခရီးသွားလုပ်ငန်းတို့၏ ဗဟိုအချက်အချာဖြစ်

*✱ ရှေ့ဖုံးမှ*

ပြီးခဲ့သည့် နှစ်နှစ်ကာလအတွင်းတွင် အာဆီယံအဖွဲ့ကြီးသည် အရေးကြီးသည့် သမိုင်းမှတ်တိုင်များ စိုက်ထူခဲ့ပါသည်။ ယင်းသမိုင်းမှတ်တိုင်များအနက် ၂၀၀၈ခုနှစ် ဒီဇင်ဘာလတွင် အာဆီယံပဋိညာဉ်စာတမ်း စတင်အာဏာသက်ဝင်ခြင်းနှင့် ၂၀၀၉ခုနှစ် မတ်လတွင် အာဆီယံအသိုက်အဝန်းဆိုင်ရာ လမ်းပြမြေပုံကြေညာစာတမ်းကို ထုတ်ပြန်ခဲ့ခြင်းတို့ ပါဝင်ပါသည်။ အာဆီယံနိုင်ငံရေး-လုံခြုံရေး အသိုက်အဝန်းအခြေပြမြေပုံ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း အခြေပြမြေပုံနှင့် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းအခြေပြမြေပုံတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း တိုးတက်မှုများ ရရှိနေပါသည်။

### သဘောထားထုတ်ပြန်

၂၀၀၉ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သည့် (၁၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ အာဆီယံခေါင်းဆောင်များသည် အာဆီယံဒေသတွင်း ပေါင်းစပ်ဆက်သွယ်မှုဆိုင်ရာ အယူအဆကို ဆွေးနွေးခဲ့ကြပြီး ယင်းအယူအဆနှင့်စပ်လျဉ်းသည့် အာဆီယံခေါင်းဆောင်များ၏သဘောထားကို ထုတ်ပြန်ခဲ့ပါသည်။ အာဆီယံသည် စီးပွားရေးအရ တိုးတက်ရှင်သန်အောင်မြင်လျက်ရှိသည့် ဒေသတစ်ခု၏ လမ်းဆုံလမ်းခွတွင် တည်ရှိနေပါသည်။ အဆိုပါ အားသာချက်ကြောင့် အာဆီယံသည် ဒေသ၏သယ်ယူပို့ဆောင်ရေး၊ သတင်းနှင့် ဆက်သွယ်မှုနည်းပညာနှင့် ခရီးသွားလုပ်ငန်းတို့အတွက် ဗဟိုအချက်အချာဖြစ်လာရန် အလားအလာရှိနေကြောင်း အာဆီယံခေါင်းဆောင်များက ရှုမြင်သုံးသပ်ခဲ့ကြပါသည်။ ထို့ကြောင့် အာဆီယံဒေသတွင်း ပေါင်းစပ်ဆက်သွယ်ရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းပေးပြီး အာဆီယံဒေသတွင်း ပေါင်းစပ်ဆက်သွယ်ရေးဆိုင်ရာ ပင်မစီမံကိန်းတစ်ရပ် ရေးဆွဲတင်ပြရန် အာဆီယံခေါင်းဆောင်များက တာဝန်အပ်နှင်းခဲ့ပါသည်။ အဆိုပါ ပင်မစီမံကိန်းကို (၁၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအမီ အပြီးသတ်နိုင်လိမ့်မည်ဟု သိရှိရသဖြင့် ဝမ်းမြောက်မိပါသည်။

### အလေးထားဆောင်ရွက်

အာဆီယံ ဒေသတွင်းပေါင်းစပ်ဆက်သွယ်မှုဆိုင်ရာ ပင်မစီမံကိန်းသည် ရုပ်ပိုင်းဆိုင်ရာ ပေါင်းစပ်ဆက်သွယ်မှု၊ အဖွဲ့အစည်းဆိုင်ရာ ပေါင်းစပ်ဆက်သွယ်မှုနှင့် လူထုအချင်းချင်း ပေါင်းစပ်ဆက်သွယ်မှုတို့ကို အလေးထားဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။ ယခုနှစ် အာဆီယံနေ့ အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သော ဈေးကွက်များကို ပေါင်းကူးခြင်းနှင့် လူထုချင်း ဆက်သွယ်ခြင်းသည် အာဆီယံပေါင်းစပ်ဆက်သွယ်မှုဆိုင်ရာ အယူအဆနှင့် လိုက်လျောညီထွေဖြစ်ပါသည်။ အာဆီယံဒေသတွင်း ပေါင်းစပ်ဆက်သွယ်မှုဆိုင်ရာ ပင်မစီမံကိန်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးအတွက် အကျိုးရှိမည့်အဖြေကိုဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟုလည်းကောင်း၊ ဒေသ၏အကျိုးစီးပွားနှင့် အမျိုးသားအကျိုးစီးပွားနှစ်ရပ်တို့ကို ညီညွတ်မျှတမှုရှိအောင် ဆောင်ရွက်သွားနိုင်လိမ့်မည်ဟုလည်းကောင်း ကျွန်တော်တို့အနေဖြင့် မျှော်လင့်ပါသည်။ ။

# ဆိပ်ကမ်းသာ ကွန်ပျူတာပြပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်မြို့ရှိ ကွန်ပျူတာအရောင်းဆိုင်ကြီးများစုစည်း၍ ဆိပ်ကမ်းသာ Computer Expo 2010 ကို ဩဂုတ် ၁၄ရက်နှင့် ၁၅ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ Strand Hotel ၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြပွဲတွင် ကွန်ပျူတာအရောင်းဆိုင်ကြီးများ ဖြစ်ကြသည့် Perfect, UNIQUE, IDEA Link, Innwa, Neo Tech, King Service Wisdom, ADT, Tha Paye Pwint နှင့် King Empire တို့က Desktop, Laptop, Projector, Computer Accessories, Networking ပစ္စည်းများနှင့် နောက်ဆုံးပေါ် နည်းပညာများကို အထူးဈေးနှုန်းများဖြင့် ပြသရောင်းချသွားမည်ဖြစ်သည်။

### ပူးပေါင်းပါဝင်

ပြပွဲဖြစ်မြောက်ရေးအတွက် Main Sponsor အဖြစ် Star Tech Company (Gigabyte) က အဓိကပါဝင်ကူညီပံ့ပိုးပြီး Alliance Star Company (Brother), Cystem (Samsung),Zay Gyi Premier Company (Orient), Royal Ayeyarwaddy Company (Viewsonic),Royal Smart Company (msi), Standard (Power benz), Shwe La Min Nagar Company (Acer), Golden Power Technology (ASUS), Auzar Aung Company (Kaspersky), Cyber City Company (Suzuki), TP Link နှင့် Media Lane တို့လည်း ပူးပေါင်းပါဝင်ကူညီကြသည်။

ပြပွဲ အထူးအစီအစဉ်အဖြစ် လာရောက်ကြည့်ရှုလေ့လာရုံဖြင့် လက်ဆောင်များ ရရှိနိုင်ရန် Main Sponsor ဖြစ်သော Star Tech Company က စီစဉ်ပေးထားသည်။

ပြပွဲနှင့်ပတ်သက်ပြီး အသေးစိတ်သိရှိလိုပါက ကိုဝေမှူ ဖုန်း-၀၉-၅၁-၂၉၄၅၉နှင့် ဦးကျော်စွာဦး ဖုန်း-၀၉- ၅၀-၄၂၅၈၈တို့ထံ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



ဩဂုတ် ၇ရက်က လှိုင်မြို့နယ် အထက(၂)၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာဂုဏ်ထူးရရှိသော မလှဲ့ရည်မွန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဦးကြည်က ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (ပညာရေး)

# မိုးစပါး ရေတော်၊ မိုးတော် ထွန်တုံးပိတ်ပွဲ မြောင်းမြမြို့နယ် ကျုံဝါးစခန်း၌ ကျင်းပ

**ရန်ကုန် ဩဂုတ် ၇**

ဧရာဝတီတိုင်း မြောင်းမြမြို့နယ်၏ မိုးစပါး ရေတော်၊ မိုးတော်ထွန်တုံးပိတ်ပွဲကို ဩဂုတ် ၃ရက်က ကျုံဝါးကျေးရွာ မြို့ဝင် ဧက ၁၀၀၀စိုက်ခင်း၊ တောင်သူ ဦးသိန်းဆိုင်ထွန်း၏ လယ် ၀ ဒသမ ၅ ဧကတွင် ကျင်းပရာ မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြားသည်။

### တက်ရောက်

အခမ်းအနားသို့ မြောင်းမြမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်နိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးတင်မောင်ငြိမ်းနှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ ကျေးရွာဒေသခံတောင်သူများ၊ ကောက်စိုက်လုံမေများ အင်အား ၃၀၀ကျော် တက်ရောက်ကြသည်။

မြောင်းမြတစ်မြို့နယ်လုံး မိုးစပါးစိုက်ဧက ၁၆၃၇၀၃ဧကအနက် ယနေ့အထိ စိုက်ပျိုးပြီးစီးမှုမှာ ဧက ၁၆၁၀၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ရာ ရေတော်၊ မိုးတော်လျာထားမှု ၁၄၆၆၇၈ ဧကကို အပြည့်အဝစိုက်ပျိုးနိုင်ခဲ့ပြီး ကျန် ရေကြီးကွင်း၊ ရေနက်ကွင်းများတွင်လည်း စိုက်ပျိုးချိန်ရာသီအမီ ဧကပြည့်မီကျော်လွန်ရေးအတွက် ဆက်လက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျန်းမာရေးပညာပေး ဟောပြောပွဲ

## ထန်းတပင်မြို့နယ်၌ကျင်းပ

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အထကကျောင်း လှိုင်ရတနာခန်းမ၌ ဩဂုတ် ၄ရက်က ၂၀၁၀ ခုနှစ် ဩဂုတ်လ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှု ကျန်းမာရေးပညာပေး ဟောပြောပွဲ အခမ်းအနား ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ပေါက်ပေါက်က အမှာစကားပြောကြားပြီးနောက် ထန်းတပင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်သန်းသန်းအေးက ကျောင်းသား ကျောင်းသူ လူငယ်များ အာဟာရဖွံ့ဖြိုး တိုးတက်၍ ပညာရည်ထူးချွန်ထက်မြက်စေရေး၊ အနာဂတ်မျိုးဆက်သစ်များ ပေါ်ထွန်းလာရေး ပညာပေး ဆွေးနွေးပြောကြားသည်။ **(ယာပုံ)**

### ဟောပြော

ဆက်လက်၍ ကျောင်းကျန်းမာရေးနှင့် မိခင်နှင့်ကလေးဆရာဝန် ဒေါက်တာ ဒေါ်ခိုင်ခိုင်မြင့်က ကျောင်းသား ကျောင်းသူများအား အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအကြောင်းကို ရှင်းလင်းပြောကြားပြီး မြို့နယ်သူနာပြုဆရာမကြီး ဒေါ်ခင်မျိုးဆန်းက အာဟာရ သုံးအုပ်စု အိုင်အိုဒင်းချို့တဲ့မှုနှင့် ကျန်းမာရေးအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောသည်။

(၁၈၃)





# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၈-၈-၂၀၁၀ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလာသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **တရားဦးခမ္မစကြာ** တရားတော် (အပိုင်း-၂) (ဆရာတော်အရှင်ပညာသီဟာဘိဝံသ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (၂၀၁၀ကမ္ဘာ့ဖလားအထူးကံထူးရှင်များ ရွေးချယ်ပွဲ)
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇၁)
၈:၃၅ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ (အပိုင်း-၇) (Rဇာနည်)
၉:၂၀ Activities in the City (အဆိုတော်စိုးပိုင်၏ စိတ်နှင့်စိမ်းတယ်လို့မှတ်မှာလား တေးစီးရီးမိတ်ဆက်ပွဲ)
၉:၃၅ Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၁၀:၃၅ သဘာဝအစားအစာများ ရှားစောင်းလက်ပပ်ယိုနှင့် ဖျော်ရည်
၁၁:၀၅ ဗီဒီယိုပြခန်း
၁၁:၂၀ စိန်ဘုရားများသီတင်းသုံးရာ ပဒုမ္မာ
၁၁:၄၅ ရွှေနန်းဆန်ဆန် ပုဂံဟန်ပန်၊ Aureum Palace အသွင်သဏ္ဌာန်
၁၂:၀၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၂)
၁၂:၃၅ မြို့ကျောက်ဆည်၏အလှဂုဏ်ရည် (ကျောက်ဆည်စက်ရုံများနယ်မြေ)
၁၂:၄၅ အဓိဋ္ဌာန်ပြုကာဆုခွေမည် ဦးရာဇ်တော်စေတီ
၁:၀၀ **တရားဦးခမ္မစကြာ** တရားတော် (အပိုင်း-၂) (ဆရာတော်အရှင်ပညာသီဟာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ စကားနပန်း (သားလေးမွေးတာကောင်းတယ်၊ သမီးလေးမွေးတာကောင်းတယ်)
၃:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇၁)
၄:၂၅ Activities in the City (အဆိုတော်စိုးပိုင်၏ စိတ်နှင့်စိမ်းတယ်လို့မှတ်မှာလား တေးစီးရီးမိတ်ဆက်ပွဲ)
၄:၄၀ စိန်ဘုရားများသီတင်းသုံးရာ ပဒုမ္မာ
၅:၀၅ ရွှေနန်းဆန်ဆန် ပုဂံဟန်ပန်၊ Aureum Palace အသွင်သဏ္ဌာန်
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ FMF Selection
၆:၄၅ သာယာလှပ တောင်ပေါ်ညောင်ရွှေမှ စမ်းသပ်အောင်မြင် ပုစွန်ကန်ရေပြင်
၇:၀၅ **ချစ်တတ်ကြရအောင်** ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စနိုးဦး၊ သန်းသန်းစိုး [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
၇:၄၅ ဗီဒီယိုပြခန်း
၈:၀၀ MRTV-4 သတင်း
၈:၂၅ Community Shield (Chelsea Vs Man U)
၁၀:၂၅ စကားနပန်း (သားလေးမွေးတာကောင်းတယ်၊ သမီးလေးမွေးတာကောင်းတယ်)
၁၁:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇၁)
၁၂:၀၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၂)
၁၂:၂၀ Sports World (Sunday Special)
၁၂:၄၅ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ (အပိုင်း-၈) (ထွန်းအိန္ဒြာဗို)
၁:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**Community Shield ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈:၂၅ | Chelsea Vs Man U | STAR SPORTS (Live) |



# နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

## အီတလီ၌ မီးရထားလမ်းချော်

*အီတလီနိုင်ငံ နာပလက်စ်ခရိုင်တွင် ဩဂုတ် ၇ရက်က ရထားလမ်းချော်မှု ဖြစ်ပွားရာ ခရီးသည်တစ်ဦး သေဆုံးပြီး ၆၀ ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း အီတလီအာဏာပိုင်ရှိများက ပြောကြားသည်။*

(အောက်ပုံ)



## ကနေဒါနိုင်ငံတွင် အပူလှိုင်းများ ကျရောက်

*ကနေဒါနိုင်ငံတစ်ဝန်းတွင် အပူလှိုင်းများကျရောက်လျက်ရှိရာ တိုရွန်တိုမြို့၌ ဩဂုတ် ၇ရက်က အပူချိန် ၃၆ဒီဂရီ ဆဲလ်စီးရပ်စ်အထိရောက်ရှိခဲ့ပြီး သတိပေးချက်များ ထုတ်ပြန်ထားရကြောင်း ကနေဒါအရာရှိများက ပြောကြားသည်။*

## အိန္ဒိယလေတပ် လေယာဉ်တစ်စင်းပျက်ကျ

*အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း ဆွန်နက်ပူရာခရိုင်တွင် ဩဂုတ် ၇ရက် နံနက်က အိန္ဒိယလေတပ်မှ လေယာဉ်တစ်စင်း မတော်တဆဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ကြောင်း၊ လေယာဉ်ပေါ်လိုက်ပါသူ လေယာဉ်မှူးအား ရှာဖွေလျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။*

## ဆီးရီးယားသင်္ဘော ပြန်လွှတ်မြောက်လာ

*အေဒင်ပင်လယ်ကွေ့တွင် ဩဂုတ် ၅ရက်က ဆိုမာလီပင်လယ်ဓားပြများ အပိုင်စီးသွားသော ဆီးရီးယားကုန်တင်သင်္ဘောကို ဩဂုတ် ၇ရက်၌ ဆိုမာလီဓားပြများက ပြန်လွှတ်ပေးလိုက်သဖြင့် လွတ်မြောက်လာကြောင်း ဆီးရီးယား အရာရှိများက ပြောကြားသည်။*

## တောမီးကြောင့် မော်စကိုမြို့မှ သံရုံးမိသားစုများရွှေ့ပြောင်း

*ရုရှားနိုင်ငံတစ်ဝန်း တောမီးများလောင်ကျွမ်းနေမှုကြောင့် မီးခိုးများ ဖုံးလွှမ်းလျက်ရှိရာ မော်စကိုမြို့မှ ကနေဒါနှင့် ပိုလန်သံရုံးမိသားစုများ ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ကယ်ဆယ်ရေးအဖွဲ့များက ဩဂုတ် ၇ရက်၌ ပြောကြားသည်။*

## အင်ဒိုနှင့် မလေးရှားနယ်စပ်ကုန်သွယ်မှု စာချုပ်

*အင်ဒိုနီးရှားနှင့် မလေးရှားနှစ်နိုင်ငံတို့၏ နယ်စပ်ဒေသများ၌ နှစ်နိုင်ငံလွတ်လပ်စွာ ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်ကို နှစ်ဖက်ကိုယ်စားလှယ်များက ဩဂုတ် ၇ရက်၌ လက်မှတ်ရေးထိုးလိုက်ကြောင်း မလေးရှားအရာရှိများက ပြောကြားသည်။*

## တရုတ်အရှေ့ပိုင်း၌ ရွှေတွင်းမီးလောင်

*တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်ပြည်နယ်ရှိ ရွှေတွင်းတစ်တွင်း၌ ဩဂုတ် ၇ရက်က မီးလောင်မှုဖြစ်ပွားရာ မိုင်းလုပ်သား ၃၀၀ခန့်ကို အရေးပေါ်ကယ်ဆယ်ခဲ့ရကြောင်း တရုတ်အရာရှိများက ပြောကြားသည်။*

## ပါကစ္စတန်ရေဘေးအတွက် သီရိလင်္ကာ ကူညီ

*ပါကစ္စတန်နိုင်ငံတွင် ရေဘေးဒုက္ခကြုံတွေ့နေရသူများအား အကူအညီပေးရန် အစားအစာနှင့် ကယ်ဆယ်ရေးပစ္စည်း တင်ဆောင်ထားသည့် လေယာဉ်နှစ်စင်းကို သီရိလင်္ကာနိုင်ငံက ဩဂုတ် ၇ရက်၌ စေလွှတ်ပေးပို့လိုက်ကြောင်း သိရသည်။*

## ဂျပန်ကမ်းလွန်၌ ငလျင်လှုပ်

*ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းကမ်းလွန်တွင် ဩဂုတ် ၇ရက်က ရစ်ချ်တာစကေး ၆ဒသမ ၄ရှိ ငလျင်လှုပ်ခဲ့ကြောင်း၊ ဆူနာမီသတိပေးချက် ထုတ်ပြန်ခြင်းမရှိကြောင်း ဂျပန်မိုးလေဝသအရာရှိများက ဩဂုတ် ၇ရက်၌ သတင်းထုတ်ပြန်သည်။ ။*

(အင်တာနက်)

## ပါရှန်ပင်လယ်ကွေ့နှင့် ဟော်မုဇ်ရေလက်ကြား လုံခြုံရေးတိုးမြှင့်မည်

*အမ္မာန် ဩဂုတ် ၇*

*ကမ္ဘာ့ပေါ်တွင် ရေနံသယ်ယူရာ အဓိကလမ်းကြောင်းဖြစ်သည့် ပါရှန်ပင်လယ်ကွေ့နှင့် ဟော်မုဇ်ရေလက်ကြားဒေသ လုံခြုံရေးတိုးမြှင့်ရန် ကြိုးပမ်းစဉ် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို အီရန်နှင့် အိုမန်နိုင်ငံတို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်ဟု ဩဂုတ် ၆ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။*

*လက်မှတ်ရေးထိုး*

*အဆိုပါ နားလည်မှု စာချွန်လွှာကို နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးတို့ လက်မှတ်ရေးထိုးကြပြီးနောက် နှစ်ရက်အကြာတွင် သတင်းထုတ်ပြန်ခြင်းဖြစ်သည်။*

*ဟော်မုဇ်ရေလက်ကြားဒေသကို ကမ္ဘာ့ရေနံစိမ်းများ၏ ၄၄ရာခိုင်နှုန်း သယ်ယူပို့ဆောင်ရာ အဓိကလမ်းကြောင်းအဖြစ် အသုံးပြုလျက်ရှိသည်။*

*ပူးပေါင်းဆောင်ရွက်*

*ပါရှန်ပင်လယ်ကွေ့ဒေသရှိ ရေကြောင်းလုံခြုံမှုဆိုင်ရာ ပြဿနာများကို အဓိကဖြေရှင်းရန် အီရန်နှင့်အိုမန် နှစ်နိုင်ငံမှ ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။*

(အင်တာနက်)

# လူလိုက်ပါသည့် အာကာသယာဉ် ၂၀၁၇ခုနှစ်၌ အီရန်လွှတ်တင်မည်

တီဟီရန် ဩဂုတ် ၇

**လူလိုက်ပါသော အာကာသယာဉ်တစ်စင်းကိုလာမည့် ၂၀၁၇ခုနှစ်၌ လွှတ်တင်နိုင်တော့မည်ဖြစ်ကြောင်း အီရန်သမ္မတ အာမက်ဒီနီဂျက်က ဩဂုတ် ၆ရက်၌ ပြောကြားလိုက်သည်။**

**တိုးတက်မှု**

အီရန်နိုင်ငံအနေဖြင့် ကမ္ဘာ့ဂြိုဟ်မှ ကီလိုမီတာ ၃၅၀၀၀ကျော် ဝေးကွာသော အာကာသအတွင်းသို့ အာကာသယာဉ် တစ်စင်းကို အောင်မြင်စွာ လွှတ်တင်နိုင်သည့် အစီအစဉ်သည် အီရန်၏ အာကာသနည်းပညာ တိုးတက်မှုကို ပြသခြင်း တစ်ရပ်ပင်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ရောက်ရှိ**

၎င်းအစီအစဉ် အောင်မြင်မှုရရှိပါက အီရန်နိုင်ငံသည် အာကာသရေးရာများကို ထိန်းချုပ်နိုင်သော အာကာသနည်းပညာများ ဖွံ့ဖြိုးတိုးတက်မှုရှိသည့် နိုင်ငံတစ်နိုင်ငံ အဖြစ် ရောက်ရှိလာမည်ဖြစ်ကြောင်း သမ္မတ အာမက်ဒီနီဂျက်က ပြောကြားသည်။ အီရန် သိပ္ပံပညာရှင်များသည် အာကာသယာဉ် လွှတ်တင်နိုင်ရေးအတွက် ၁၂နှစ်ကြာ လေ့လာသုတေသနပြုခဲ့ကြခြင်း ဖြစ်သည်။

**(အင်တာနက်)**



**အအေးပေးမှုစနစ်ချွတ်ယွင်းနေသည့် နိုင်ငံတကာ အာကာသယာဉ်စခန်း၌ ရုရှားအာကာသယာဉ်မှူးနှစ်ဦး ပြင်ဆင်မှုများ ပြုလုပ်နေသည်ကို ဩဂုတ် ၇ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

# ၂၃နှစ်ကြာ ပိတ်ထားခဲ့ရသည့် ရုပ်ရှင်ရုံ ပါလက်စတိုင်း၌ ပြန်လည်ဖွင့်လှစ်



*ဂျီနင် ဩဂုတ် ၇*

*ပစ်ခတ်တိုက်ခိုက်မှုများကြောင့် မတည်မငြိမ်ဖြစ်နေသော ၂၃နှစ်ကြာ ပိတ်ထားခဲ့ရသည့် ပါလက်စတိုင်း၏ ဂျီနင်မြို့ရှိ ရုပ်ရှင်ရုံကို ဩဂုတ် ၆ရက်၌ ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ပါလက်စတိုင်း အရာရှိများက ပြောကြားသည်။ (အပေါ်ပုံ)*

*ပွဲတော်*

*အစ္စရေးတို့ကို ဆန့်ကျင်သည့် ပါလက်စတိုင်းဒေသခံများ၏ အဖြစ်အပျက်များအပေါ် အခြေခံပြီး ရိုက်ကူးထုတ်လုပ်ထားသော ရုပ်ရှင်ကားများကို ပြသမည့် သုံးရက်ကြာ ရုပ်ရှင်ပွဲတော် စတင်ခြင်းနှင့်အတူ ၎င်းရုပ်ရှင်ရုံကို ပြန်လည်ဖွင့်လှစ်လိုက်ခြင်း ဖြစ်သည်။*

*သုံးရက်ကြာ ကျင်းပမည့် ရုပ်ရှင်ပွဲတော်ကို ဩဂုတ် ၆ရက်မှ ၈ရက်အထိ ကျင်းပလျက်ရှိပြီး ၎င်းရုပ်ရှင်ပွဲတော်ကို ပါလက်စတိုင်းအမျိုးသားတစ်ဦးဖြစ်သူ အစ်မေးလ်ခါတစ်နှင့် ဂျာမနီနိုင်ငံမှ ရုပ်ရှင်ထုတ်လုပ်သူ မာကပ်စ်ဗစ်တာတို့နှစ်ဦးက ပူးတွဲပြုလုပ်ခြင်းဖြစ်သည်။ အစ်မေးလ်ခါတစ်မှာ အစ္စရေးတို့ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသည့် ၁၁နှစ်အရွယ် သားငယ်၏ ဖခင်ဖြစ်သည်။*

*ယခုရုပ်ရှင်ရုံသည် ပါလက်စတိုင်း အနောက်ဘက်ကမ်းခြေဒေသ၌ ပထမဆုံးဖွင့်လှစ်သည့် ရုပ်ရှင်ရုံဖြစ်သည်။ ပရိသတ် ၃၃၅ဦး ထိုင်ခုံဖြင့် ကြည့်ရှုနိုင်သည့် ရုပ်ရှင် ရုံဖြစ်သည်။*

(အင်တာနက်)

# အာဖဂန်မိသားစုများအား လျော်ကြေးပေးမည်

ကဘူးလ် ဩဂုတ် ၇

အာဖဂန်နစ္စတန်နိုင်ငံ ကွန်ဒုဇ်မြို့အနီး လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူ မိသားစုတိုင်းအား ဂျာမနီနိုင်ငံက အမေရိကန်ဒေါ်လာ ၅၀၀၀စီ ပေးမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

လွန်ခဲ့သည့်နှစ် စက်တင်ဘာလက တိုက်ခိုက်ခံရသည့် အဆိုပါလေကြောင်း တိုက်ခိုက်မှုတွင် သေဆုံးသူ ၉၁ဦးရှိပြီး ယင်းတို့၏ မိသားစုဝင်များအား လျော်ကြေးအဖြစ် ဒေါ်လာ ၅၀၀၀ စီပေးမည်ဟု ဆိုသည်။

**(အင်တာနက်)**

# ပါကစ္စတန်ရေကြီးမှုသဘာဝဘေး လူပေါင်း ၁၂သန်း ဒုက္ခကြုံတွေ့လျက်ရှိ

**ဆွတ်ကာ(ပါကစ္စတန်) ဩဂုတ် ၇**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ ဖြစ်ပေါ်နေသော ရေကြီးမှုသည် လူပေါင်း ၁၂သန်းကို သဘာဝဘေးအန္တရာယ် ကြုံတွေ့စေလျက်ရှိကြောင်း ပါကစ္စတန်တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါရေကြီးမှုကြောင့် လူနေအိမ် ၆၅၀၀၀၀ ပျက်စီးသွားခဲ့ကြောင်း၊ လွန်ခဲ့သော သီတင်းပတ်ကျော်က မုတ်သုံမိုးများသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့သဖြင့် သေဆုံးသူ ၁၆၀၀ကျော် ရှိသွားပြီဖြစ်ကြောင်း သိရသည်။

**ဆောက်လုပ်**

ပါကစ္စတန်တပ်ဖွဲ့ဝင် ၃၀၀၀၀ခန့်တို့သည် ရေကြီးမှုကြောင့် ပျက်စီးသွားသော တံတားများကို ပြုပြင်လျက်ရှိကြောင်း၊ နိုင်ငံအနောက်မြောက်ပိုင်းရှိ ဒုက္ခသည်စခန်းများ၌ စားနပ်ရိက္ခာ ဝေငှခြင်းနှင့် အမိုးအကာများ ဆောက်လုပ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရေကြီးမှု အကျယ်အဝန်းမှာ စတုန်ရန်းမိုင် ၅၀၉၆၅ရှိပြီး နေအိမ် ၆၅၀၀၀၀ ပျက်စီးခဲ့ရကြောင်း၊ ပါကစ္စတန်နိုင်ငံ၏ ရေကြီးမှုများတွင် ၆၃နှစ်တာကာလအတွင်း အဆိုးရွားဆုံး ရေကြီးမှုပင်ဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။

**(အင်တာနက်)**

**တရုတ်နိုင်ငံ ကျင်တောင်မြို့ရှိ အဏ္ဏဝါပြတိုက်၌ ဝေလငါးဖြူနှစ်ကောင်က လာရောက်လေ့လာသူများကို နှုတ်ဆက်အနမ်းများပေးနေသည်ကို ဩဂုတ် ၇ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)



## ရာသီဥတု သတင်းသုတ

# ဂရင်းလန်းမြောက်ဘက်မှ ရေခဲကျွန်းကြီး

ကိုသစ္စာ-စုစည်းရေးသားသည်

ကမ္ဘာ့အပူချိန် မြင့်တက်လာမှုကြောင့် ရေခဲများအရည်ပျော်လျက်ရှိရာ အချို့ ရေခဲတောင်များ၊ ရေခဲပြင်ကြီးများမှာ အာတိတ်သမုဒ္ဒရာ၌ တဖြည်းဖြည်း အရွယ်အစား သေးငယ်ကာ ပျောက်ကွယ်ခဲ့ပြီဖြစ်သည်။ မကြာသေးမီက အာတိတ်သမုဒ္ဒရာရှိ ရေခဲပြင်များတည်ရှိမှု အနေအထားကို လေ့လာနေသော ကနေဒါနိုင်ငံ ဒီလာဝါရီ တက္ကသိုလ်မှ အင်ဒရီမွန်ချော ဦးဆောင်သည့် သုတေသနပညာရှင်များက ရေခဲကျွန်းကြီးတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြသည်။



ဂရင်းလန်းကျွန်း မြောက်ဘက်ရေပြင်တွင် အရွယ်အစား အလွန်ကြီးမားသည့် ရေခဲကျွန်းတစ်ခုကို ကနေဒါသုတေသနပညာရှင်များက ဩဂုတ် ၆ရက်၌ ရှာဖွေတွေ့ ရှိခဲ့ကြရာ အရွယ်အစားကြီးမားလွန်းသဖြင့် သုတေသနပညာရှင်များ အံ့သြခဲ့ကြရသည်။

### အရွယ်အစား

ယခုတွေ့ရှိသည့် ရေခဲကျွန်းကြီးမှာ အရွယ်အစား စတုရန်းမိုင် ၁၀၀ခန့်ရှိပြီး ရေပြင်ပေါ်၌ မျောနေခြင်းဖြစ်သည်။ ယင်းရေခဲကျွန်းကြီးမှာ မြောက်ဝင်ရိုးစွန်း တောင်ဘက် မိုင် ၆၂၀ခန့်အကွာတွင် တည်ရှိနေကြောင်း ဂြိုဟ်တုမှ ပေးပို့သော ဓာတ်ပုံများ၌ ဖော်ပြထားသည်။

### ရေခဲတောင်

၁၉၆၂ခုနှစ်က အာတိတ်သမုဒ္ဒရာရှိ ရေခဲတောင်များမှ ပဲ့ထွက်ကာ ပျောက်ဆုံးသွားခဲ့သည့် ရေခဲတောင်အစိတ်အပိုင်းတစ်ခု ဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ကြသည်။ ထိုစဉ်က ရေခဲတောင်များမှ ပြတ်ထွက်ပျောက်ဆုံးသွားခဲ့သော ရေခဲတောင်တန်းတစ်ခုမှာ အရှည် ၄၂မိုင်ခန့်ရှိပြီး ယခု တွေ့ရှိရသည့် ရေခဲကျွန်းနှင့်မှု ဆက်စပ်မှုရှိနိုင်ကြောင်း သုံးသပ်ကြသည်။ ဂရင်းလန်းကျွန်း မြောက်ဘက်ရေပြင်နှင့် အာတိတ်သမုဒ္ဒရာတို့မှ ရေခဲတောင်များ၊ ရေခဲပြင်များ မျောပါရွေ့လျားနိုင်မှုမှာ ဆက်စပ်မှုရှိနေသည်။

### ရှာဖွေ

နာဆာ၏ဂြိုဟ်တုမှ ပေးပို့သောဓာတ်ပုံကို ဩဂုတ် ၅ရက်က ထုတ်ပြန်ပြီးနောက် နာရီပိုင်းအကြာတွင် ယခုကဲ့သို့ ရေခဲကျွန်းကြီးကို ကနေဒါသုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ ၎င်းရေခဲကျွန်းကို လက်ရှိ အနေအထားအတိုင်း တည်ရှိနေရန် ထိန်းသိမ်းနိုင်ရေးမှာ ကမ္ဘာ့အပူချိန်မြင့်တက်လာမှုက အဟန့်အတား တစ်ရပ် ဖြစ်နေသည်။

### ယူဆ

၁၉၆၂ခုနှစ်က စတုရန်းမိုင် ၂၃၀ခန့်ရှိသည့် အာတိတ်သမုဒ္ဒရာရေခဲတောင်မှာ ကမ္ဘာ့အပူချိန်မြင့်တက်လာမှုကြောင့် အရည်ပျော်ကာ ပဲ့ထွက်ခဲ့ပြီးနောက် ယခုအခါ ရေခဲကျွန်းသဖွယ် ဆက်လက်ဖြစ်ပေါ်နေခြင်းဖြစ်နိုင်ကြောင်း ကနေဒါသုတေသန ပညာရှင်များက ယူဆနေကြသည်။



ယခုတွေ့ရှိရသည့် ရေခဲကျွန်းကြီးမှာ အမေရိကန်နိုင်ငံ မင်ဟက်တန်ကျွန်း အရွယ်အစားထက် လေးဆကြီးမားနေသည်။ အာတိတ်သမုဒ္ဒရာနှင့် မြောက်ဝင်ရိုးစွန်းတို့တွင် ရေခဲများ အရည်ပျော်နှုန်းမြန်လျက်ရှိရာ သုတေသနပညာရှင်များ၏ အဆိုအရ နေ့စဉ် ရေခဲပြင်တစ်မိုင်ဝက်ခန့်အရည်ပျော်လျက်ရှိကြောင်း၊ ကမ္ဘာ့အပူချိန်တိုးမြင့်မှုသည် ၂၀၁၁ခုနှစ်အရောက်တွင် ယနေ့ကာလထက် ၃ဒီဂရီစင်တီဂရိတ် တိုးမြင့်လာနိုင်ကြောင်း သုံးသပ်ထားသည်။

### ဆက်လက်လေ့လာ

ထို့ကြောင့် အာတိတ်သမုဒ္ဒရာမှရေခဲပြင်များသည် လာမည့် နှစ်ပေါင်း ၅၀အတွင်း သိသိသာသာ လျော့နည်းသွားမည်ဖြစ်ရာ ယခုတွေ့ရှိရသော ရေခဲကျွန်း၏ တည်ရှိမှု အနေအထားကို သိရှိရန် သုတေသနပညာရှင်များက ဆက်လက်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။ ။

(အင်တာနက်)

# ငွေစုဘဏ်လုပ်ငန်း သင်တန်းဆင်းပွဲ တောင်ငူ၌ ကျင်းပ

တောင်ငူ ဩဂုတ် ၇

မြန်မာ့စီးပွားရေးဘဏ် တောင်ငူခရိုင်ဘဏ်ခွဲတွင် ပဲခူးတိုင်းကိုယ်စားပြု ငွေစုဘဏ်လုပ်ငန်း (၁/၂၀၁၀)သင်တန်းဆင်းပွဲကို ဩဂုတ် ၁ရက်က ကျင်းပရာ ပဲခူးတိုင်း မန်နေဂျာ ဦးသိန်းဖေက အမှာစကား ပြောကြားပြီး**(အောက်ပုံ)** ခရိုင်မန်နေဂျာ ဦးညွန့်ဆွေက သင်တန်းဖွင့်လှစ်ပို့ချနိုင်မှု အခြေအနေကို ရှင်းလင်းသည်။

ထို့နောက် ဘဏ်၁၆ခုမှ သင်တန်းသား သင်တန်းသူ ၁၆ဦးအား သင်တန်းဆင်းလက်မှတ်များနှင့် ဆုရရှိသူများကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)



# အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုဖွင့်ပွဲ

## တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်

နေပြည်တော် ဩဂုတ် ၇

**မန္တလေးတိုင်း အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃ရက် နံနက်ပိုင်းက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ကလေးငယ်များအား ဗီတာမင်အေဆေးလုံးနှင့် သန်ချဆေးများ တိုက်ကျွေးကာ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားများကို လည်းကောင်း၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား ဗီတာမင်ဆေးပြားများကို လည်းကောင်း ဖြန့်ဝေပေးသည်။

ထို့နောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသော အာဟာရပြခန်းနှင့် ဆားတွင်အိုင်အိုဒင်း ပါဝင်မှု အရည်အသွေးဖော်ထုတ်ပြသမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြော

သံတွဲ ဩဂုတ် ၇

သံတွဲခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် သံတွဲမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးဖွင့်လှစ်သည့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူများအတွင်း အသိပညာပေးခြင်းနှင့် အမူအကျင့် ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း မြို့နယ်အဆင့်ပညာပေးဟောပြောပွဲကို ဇူလိုင် ၂၇ရက် နံနက် ၉ နာရီက သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာအောင်က အမှာစကား ပြောကြားသည်။

### သင်တန်းပို့ချ

ဆက်လက်၍ မြို့နယ်အဆင့် ဆင့်ပွားသင်တန်း (၁/၂၀၁၀)ကို သံတွဲမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ဖွင့်လှစ်ပို့ချရာ သင်တန်းသူ ၃၀ တက်ရောက်ပြီး သားဖွားနှင့် မီးယပ်အထူးကုဆရာဝန် ဒေါက်တာမူမူသန်းနှင့် ဆရာဝန်များ၊ နည်းပြဆရာများက သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

# ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲ

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၇

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး၊ ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၅ရက် နံနက် ၁၀နာရီက အထက(၁) ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါက လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။**(အောက်ပုံ)**

### ပေးအပ်

မြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း ၃၁ ကျောင်းမှ ချို့တဲ့ကျောင်းသား ကျောင်းသူ ၁၉၄ဦးအတွက် ငွေကျပ် ၂၁သိန်းတန်ဖိုးရှိ ကျောင်းသုံးစာရေးကိရိယာများ၊ ကျောပိုးအိတ်နှင့် ထီးများကို တာဝန်ရှိသူများက တစ်ဦးချင်းပေးအပ်ပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခိုင်ရွှေညွန့်က ကျေးဇူးတင်စကား ပြောကြားသည်။ (၁၂၃)

ဩဂုတ် ၃ရက်က မုံးကိုးမြို့မဈေးအတွင်း အိုင်အိုဒင်းဆားရောင်းချမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်တာဝန်ခံ ဦးအောင်လွင်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)





## မြဝတီရုပ်မြင်သံကြား

၈-၈-၂၀၁၀ (တနင်္ဂနွေနေ့)

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | တရားတော် |
| ၇:၂၀ | ၃။ | အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ မဟာဂန္ဓာရုံမှ တစ်နေ့တာ |
| ၇:၂၅ | ၄။ | ဓမ္မပူဇာတေး |
| ၇:၃၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၇:၃၅ | ၆။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၄၀ | ၇။ | မြန်မာသံစဉ် ချိုနားဝင် |
| ၇:၄၅ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၉။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |

### နေ့လယ်ပိုင်း

| | | |
|---|---|---|
| ၁၁:၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၁:၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၁:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၁:၂၀ | ၄။ | ကာတွန်းအစီအစဉ် **အမြှာစုံထောက်** (အပိုင်း-၂၈) |
| ၁၁:၃၅ | ၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်အရောင်းစာမျက်နှာ** |
| ၁၂:၃၀ | ၆။ | ကျန်းမာသုတ |
| ၁၄:၀၀ | ၇။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၅၉) |

### ညပိုင်း

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄:၂၅ | ၄။ | မြတ်နိုးကြစေ အမျိုးသားအမွေ |
| ၄:၃၅ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄:၄၅ | ၆။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၄:၅၅ | ၇။ | သံစဉ်များနှင့်ကမ္ဘာ |
| ၆:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၂၀ | ၉။ | အမျိုးသားရေးတေးကဗျာ |
| ၆:၃၀ | ၁၀။ | ဘဝကြေးမုံ **အဝါရောင်နှင်းဆီ အနီရောင်ဖဲကြိုး** သူရလင်း၊ နိုဘယ်ကျော်ကျော်၊ ဦးဝင်းမြိုင်၊ ဒေါ်ဝင်းဝင်းဝါ [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)] |
| ၆:၅၀ | ၁၁။ | ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ |
| ၇:၀၀ | ၁၂။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ**(အပိုင်း-၅၆) |
| ၈:၀၀ | ၁၃။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၄။ | နိုင်ငံတကာသတင်း |
| | ၁၅။ | မိုးလေဝသသတင်း |
| | ၁၆။ | အမျိုးသားရေးတေးကဗျာ |
| | ၁၇။ | ကျန်းမာသုတ |
| | ၁၈။ | ပဟေဠိနန်းတော် |
| | ၁၉။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၀။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တိမ်လွှာကြားကသိုင်းသမား** (အပိုင်း-၃) |
| | ၂၁။ | **လင်းရောင်စဉ်အတွက် ပုံရိပ်များ** (အပိုင်း-၁၇) |

## သတိပေး နှိုးဆော်ချက်

ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် အချို့ မော်တော်ယာဉ်များသည် ယာယီနံပါတ်အမျိုးမျိုးကို တပ်ဆင်သွားလာလျက်ရှိကြောင်းတွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ် ခွင့်ပြုကာလ နှစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့် အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်း မရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း
ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ






ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ အလုပ်ရုံဆွေးနွေးပွဲ

## ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

**ရန်ကုန် ဩဂုတ် ၇**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များ အသင်း၏ မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းသားအသင်းသူများ၊ တာဝန်ရှိသူများနှင့် စာတမ်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားသည်။ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က လိုအပ်သည်များ ပြောကြားကြသည်။ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အစည်းအဝေးခန်းမအပြင်ဘက်၌ ပြသထားသော ပဲမျိုးစုံနမူနာများနှင့် ပဲအထူးပြုကုမ္ပဏီများ၏ လှုပ်ရှားမှုဓာတ်ပုံများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးရွာသွန်းလေသမျှ

၇-၈-၂၀၁၀

နေပြည်တော် (လေဆိပ်)
၁ ဒသမ ၄၆ လက်မ
ကလေးမြို့
၁ ဒသမ ၄၆ လက်မ
နေပြည်တော် (ပျဉ်းမနား)
၁ ဒသမ ၁၈ လက်မ
ဘားအံမြို့
၆ ဒသမ ၉၇ လက်မ
ပေါင်မြို့
၅ ဒသမ ၉၁ လက်မ
ကော့ကရိတ်မြို့
၅ ဒသမ ၉၁ လက်မ
ဘီးလင်းမြို့
၅ ဒသမ ၄၇ လက်မ
သထုံမြို့
၄ ဒသမ ၂၅ လက်မ
ဖောင်းတူမြို့
၄ ဒသမ ၁၃ လက်မ
မော်လမြိုင်မြို့
၃ ဒသမ ၈၆ လက်မ
မုဒုံမြို့
၃ ဒသမ ၃၅ လက်မ
ချောင်းဆုံမြို့
၃ ဒသမ ၃၁ လက်မ
ပဲခူးမြို့
၃ ဒသမ ၁၁ လက်မ

## နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲဆက်

**နေပြည်တော် ဩဂုတ် ၇**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် စတုတ္ထအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ ညနေ ၄နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်း၌ (ဈ) အုပ်စုမှ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ နေပြည်တော် လယ်ဝေးဘောလုံးအားကစားပြိုင်ကွင်း၌ (ဈ)အုပ်စုမှ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

**ဆက်လက်ယှဉ်ပြိုင်**

အဆိုပါ ပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပွဲစဉ်များကို နေပြည်တော် ဘောလုံးအားကစား ပြိုင်ကွင်းနှင့် နေပြည်တော် ပေါင်းလောင်းဘောလုံးအားကစားပြိုင် ကွင်းတို့၌ ဩဂုတ် ၁၁ ရက်မှ ၂၄ရက်အထိ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ဆန်စပါးလုပ်ငန်းအသင်းခွဲ လှိုင်မြို့နယ်၌ဖွဲ့စည်း

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်ဆန်စပါးလုပ်ငန်းအသင်း မြို့နယ်အသင်းခွဲဖွဲ့စည်းခြင်းအခမ်းအနားကို ဩဂုတ် ၅ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက အဖွင့်အမှာစကားပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း (ဗဟို)ဖွဲ့စည်းရေးတာဝန်ခံ တွဲဖက်အတွင်းရေးမှူး ဦးမျိုးသူရအေးနှင့် စာရင်းစစ် ဦးကျော်ကျော်ဝင်းတို့က လုပ်ငန်း နှင့်ပတ်သက်သည်များကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ **(မြန်မာ့အလင်း)**

● *ကျောဖုံးမှ*

*ဤသို့ ဆောင်ရွက်ရခြင်းမှာ ကမ္ဘာ့ကျားကောင်ရေတိုးပွားလာစေရန်အတွက် ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ကျားကောင်ရေ ၃၀၀၀ ခန့်သာရှိနိုင်တော့ကြောင်း ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ပြောကြားသည်။*

*ဟူးကောင်းတောင်ကြားဒေသတွင် ထိန်းသိမ်းနိုင်လျှင် ကျားကောင်ရေရာချီ၍ တိုးလာနိုင်ဖွယ်ရှိကြောင်း၊ အမဲလိုက်သတ်ဖြတ်ခြင်းမရှိလျှင် ကျားကောင်ရေတိုးလာလိမ့်မည် ဖြစ်ကြောင်း၊ လက်ရှိ ယင်းဒေသ၌ ကျားကောင်ရေ ၅၀ခန့်သာရှိတော့ကြောင်း ၄င်းအဖွဲ့က ပြောကြားသည်။* *(အင်တာနက်)*

## ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးလျော့နည်းနိုင်

**နေပြည်တော် ဩဂုတ် ၇**

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဒေသအလိုက်မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

**ဩဂုတ် ၈ရက် ညနေအထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

# တရုတ်ပညာသင် ကျောင်းသား ကျောင်းသူများ

## မြန်မာစကားပြောစွမ်းရည်ပြိုင်

**မန္တလေး ဩဂုတ် ၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ ယူနန်ပြည်နယ် စီးပွားရေးနှင့်ဘဏ္ဍာရေး တက္ကသိုလ် (အာဆီယံကောလိပ်)၊ ယူနန်တိုင်းရင်းသားလူမျိုးစုတက္ကသိုလ် (အရှေ့တောင်အာရှ၊ တောင်အာရှ ဘာသာစကားနှင့် ယဉ်ကျေးမှုကောလိပ်)၊ စစ်ဆောင်ပန်းနားပြည်နယ်ခွဲ အသက်မွေးဝမ်းကျောင်းအတတ်ပညာသင်ကောလိပ်နှင့် ကွမ်ရှီး (ကျွမ်း)ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၊ ကွမ်ရှီးတိုင်းရင်းသား လူမျိုးစု တက္ကသိုလ် (ရှမ်းစီးဟူကောလိပ်)မှ မြန်မာစာအဆင့်မြင့် တစ်နှစ်သင်တန်း၊ မြန်မာစာ အခြေခံ တစ်နှစ်သင်တန်းနှင့် မြန်မာစာကျွမ်းကျင်မှု သင်တန်းသို့ တက်ရောက်နေကြသော တရုတ်ပညာသင် ကျောင်းသား ကျောင်းသူများ၏ မြန်မာစကားပြောစွမ်းရည်ပြိုင်ပွဲကို ဇူလိုင် ၂၃ရက် နံနက် ၉နာရီတွင် သီရိရတနာခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာဇော်လင်းနှင့် မြန်မာစာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာ စိုးမိုးမိုးက အဖွင့်အမှာစကား ပြောကြားပြီးနောက် တရုတ်ပညာသင် ကျောင်းသား ကျောင်းသူများ၏ မြန်မာစကားပြော စွမ်းရည် ပြိုင်ပွဲကိုကျင်းပရာ ပြိုင်ပွဲဝင် ၂၃ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

**ချီးမြှင့်**

ဆက်လက်၍ ဆုပေးပွဲအခမ်းအနား ကျင်းပရာ တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာဇော်လင်းက အနှစ်သက်ဆုံး မြန်မာ့စားစရာ ခေါင်းစဉ်ဖြင့် ပူးတွဲပထမဆုရရှိသော Ms. Fu Zheng Yan (မဇူလိုင်မိုး)နှင့် မမေ့နိုင်သောခရီး တစ်ခေါက် ခေါင်းစဉ်ဖြင့် ပူးတွဲပထမဆု ရရှိသော Ms. Chen Yuan (မနုနုဝင်း)၊ အနှစ်သက် ဆုံးစာအုပ်တစ်အုပ် ခေါင်းစဉ်ဖြင့် ဒုတိယဆုရရှိသော Ms. Chen Ling Min(မထက်ထက်)နှင့် မြန်မာ့ရိုးရာ အားကစားတစ်ရပ် ခေါင်းစဉ်ဖြင့် တတိယဆုရရှိသော Ms. Yang Cunjie (မကလျာ)အားလည်းကောင်း၊ မြန်မာစာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာ စိုးမိုးမိုးက ရှုခင်းသာယာပြည်မြန်မာ ခေါင်းစဉ်ဖြင့် နှစ်သိမ့်ဆုရရှိသော Ms. Tan Mei Sheng (မယုဇနဝင်း)နှင့် ကျွန်ုပ်၏ရည်မှန်းချက် ခေါင်းစဉ်ဖြင့် နှစ်သိမ့်ဆုရရှိသော Ms. Zhai Wen Xin (မအေးသီတာ)တို့အား အသီးသီး ဆုများ ချီးမြှင့်သည်။ **(နိုင်ငံခြားဘာသာတက္ကသိုလ်)**

# ပြည်တွင်း၊ ပြည်ပ ဟိုတယ်လုပ်ငန်းများ၌ ဝင်ရောက်လုပ်ကိုင်နိုင်မည့် သင်တန်းသစ်ဖွင့်မည်

**ရန်ကုန် ဩဂုတ် ၇**

ပြည်တွင်း၊ ပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများ၌ တာဝန်ထမ်းဆောင်ချင်သူများအတွက် ရည်ရွယ်၍ SOP Course for Hotel & Cruise Staff သင်တန်းအပတ်စဉ်အသစ်ကို ဩဂုတ်လ တတိယပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည် ဖြစ်သည်။

**သင်ကြား**

သင်တန်းကာလအတွင်း Hotelier Life တွင် အလုပ်အကိုင်အခွင့်အလမ်းပေါ်များသော F&B Service (Waiter/ Waitress)၊ Housekeeping (Room Attendant) နှင့် The Art of Napkin Folding စသည်တို့ကို Institute of Hospitality (UK) နှင့် Institute of AH&LA(USA) မှ သတ်မှတ်ထားသော Course Guide Line များနှင့်အညီ International Five Star Hotel များတွင် တာဝန်ထမ်းဆောင်ခဲ့သူများ ကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စာတွေ့၊ လက်တွေ့ သင်ကြားပေးမည် ဖြစ်သည်။

**ဖွင့်လှစ်မည်**

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy တွင် ဩဂုတ်လ တတိယပတ်အတွင်း ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်သည်။

**ဆက်သွယ်စုံစမ်းနိုင်**

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ အနေဖြင့် Star Resources Hospitality Management Academy တိုက် ၂၆၇ အခန်း ၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၀၉-၅၀-၂၀၃၀၂ တို့သို့ ဆက်သွယ် စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

8-8 (06).pmd 1 8/8/2010, 1:28 AM

# အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)နှင့် မြန်မာနိုင်ငံ

မောင်အာဆီယံ

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ကို ၁၉၆၇ခုနှစ် ဩဂုတ်လ ၈ရက်နေ့တွင် အာဆီယံကြေညာစာတမ်း (ဗန်ကောက်ကြေညာစာတမ်း)အရ ဗန်ကောက်မြို့၌ ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ မူလအဖွဲ့ဝင် (၅)နိုင်ငံမှာ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြပြီး ၁၉၈၄ခုနှစ် ဇန်နဝါရီလ ၈ရက်နေ့တွင် ဘရူနိုင်းနိုင်ငံသည်လည်းကောင်း၊ ၁၉၉၅ ခုနှစ် ဇူလိုင်လ ၂၈ရက်နေ့တွင် ဗီယက်နမ်နိုင်ငံသည်လည်းကောင်း၊ ၁၉၉၇ခုနှစ် ဇူလိုင်လ ၂၃ရက်နေ့တွင် လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံသည်လည်းကောင်း၊ ၁၉၉၉ ခုနှစ် ဧပြီလ ၃၀ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံသည်လည်းကောင်း အသီးသီး အဖွဲ့ဝင်နိုင်ငံများ ဖြစ်လာကြပါသည်။

အရှေ့တောင်အာရှနိုင်ငံတွင် လူမျိုးရေး၊ ဘာသာရေး၊ စီးပွားရေး၊ အုပ်ချုပ်မှုစနစ် ကွဲပြားခြားနားမှုများရှိသော်လည်း ဒေသတွင်းနိုင်ငံများ၏ မတူညီမှုများဖြင့် ပေါင်းစပ်ထားသောအဖွဲ့အဖြစ် တည်ထောင်ခဲ့ကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် အရှေ့တောင်အာရှနိုင်ငံ (၁၀)နိုင်ငံပါဝင်သော အာဆီယံသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်စပ်လျက်ရှိသော ပထဝီအနေအထား၊ တူညီသော ရည်ရွယ်ချက်များ၊ တူညီသော မျှော်မှန်းချက်ပန်းတိုင်ထားရှိလျက် အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် ပြည်သူများအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းမှုများ အတွက် အလေးဂရုပြု ဆောင်ရွက်လျက်ရှိပေသည်။

ပစ္စုပ္ပန်နှင့် အနာဂတ်စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ထိရောက်စွာ တုံ့ပြန်နိုင်ရန်အလို့ငှာ နိုင်ငံရေးအရ တည်တံ့သော၊ စီးပွားရေးအရ ပေါင်းစည်းသော၊ လူမှုရေးအရ တာဝန်ယူသော အာဆီယံအသိုက်အဝန်း ဖြစ်မြောက်စေရေးအတွက် ဒေသအတွင်း စည်းလုံးညီညွတ်မှုအင်အား တောင့်တင်းခိုင်မာစေရန် လိုအပ်သည်ဟု အာဆီယံခေါင်းဆောင်များက ယုံကြည်မှုရှိပါသည်။

ယင်းသို့ ယုံကြည်ချက်နှင့်အညီ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစည်းမှုကို ပိုမိုမြှင့်တင်လျက် အထူးသဖြင့် ၂၀၀၃ခုနှစ် အောက်တိုဘာလ ၇ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ကျင်းပခဲ့သော (၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ အာဆီယံကွန်ကော့(၂) ဘာလီကြေညာချက်တွင် ဖော်ပြထားသည့်အတိုင်း အာဆီယံလုံခြုံရေးအသိုက်အဝန်း၊ အာဆီယံ စီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းဟူသည့် မဏ္ဍိုင် (၃)ရပ်ပါဝင်သော အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းဖြင့် အသိုက်အဝန်းတည်ထောင်မှုကို ပိုမိုထိရောက်စွာဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်၍ အာဆီယံ၏ ဥပဒေဆိုင်ရာနှင့် ဖွဲ့စည်းမှုဆိုင်ရာ မူဘောင်ကို အာဆီယံပဋိညာဉ် စာတမ်းဖြင့် ထူထောင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ **တစ်ခုတည်းသောအမြင်၊ တစ်ခုတည်းသောအသွင်လက္ခဏာ၊ တစ်ခုတည်းသော ကောင်းတူ ဆိုးဖက် "အသိုက်အဝန်း"**ဟူသည့် သဘောထားဖြင့် ရည်မှန်းချက်ထားရှိပြီး စည်းလုံးညီညွတ်ကြရန်အတွက်လည်း အာဆီယံနိုင်ငံခေါင်းဆောင်များက ကြိုးပမ်းအားထုတ်လျက် ရှိပါသည်။

## အာဆီယံပဋိညာဉ်စာတမ်း (ASEAN Charter)

အာဆီယံသည် စတင်ဖွဲ့စည်းချိန်မှစတင်၍ အသင်းအဖွဲ့ အခြေခံစည်းမျဉ်း မရှိသေးသည့်အတွက် အာဆီယံပဋိညာဉ်စာတမ်း (ASEAN Charter)ပြုစုရေးသားရန် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ၂၀၀၅ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပခဲ့သော (၁၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ ကွာလာလမ်ပူကြေညာချက် (Kuala Lumpur Declaration)ကို ထုတ်ပြန်ကြေညာခဲ့ပြီး ပဋိညာဉ်စာတမ်း (မူကြမ်း)ရေးဆွဲရန် အာဆီယံ (၁၀)နိုင်ငံမှ ပညာရှင်ပုဂ္ဂိုလ်များအဖွဲ့ (Eminent Persons Group- EPG) နှင့် အဆင့်မြင့်လုပ်ငန်းအဖွဲ့ (High Level Task Force-HLTF)တို့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာ မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

၂၀၀၇ခုနှစ် နိုဝင်ဘာလတွင် စင်ကာပူနိုင်ငံ၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံ အပါအဝင် အခြားအာဆီယံခေါင်းဆောင်များသည် ၂၀-၁၁-၂၀၀၇ရက်နေ့တွင် အာဆီယံ ပဋိညာဉ်စာတမ်း (ASEAN Charter)ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ မြန်မာနိုင်ငံသည် သတ္တမမြောက်နိုင်ငံအဖြစ် ၂၁-၇-၂၀၀၈ရက်၌ အာဆီယံပဋိညာဉ် စာတမ်းကို အတည်ပြုခဲ့ပါသည်။ အာဆီယံ (၁၀)နိုင်ငံ အတည်ပြုပြီးသည့် ၁၅-၁၂-၂၀၀၈ရက်နေ့တွင် အာဆီယံပဋိညာဉ်စာတမ်းသည် အာဏာသက်ဝင်ခဲ့ပါသည်။

အာဆီယံပဋိညာဉ်စာတမ်းအရ အဓိကမဏ္ဍိုင် (၃)ခုဖြစ်သည့် အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် အာဆီယံ လူမှုရေး- ယဉ်ကျေးမှုအသိုက်အဝန်းတို့ပါဝင်သော အာဆီယံ အသိုက်အဝန်းကို ၂၀၁၅ခုနှစ်၌ ထူထောင်သွားရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများက ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

## အာဆီယံ နိုင်ငံရေး-လုံခြုံရေးအသိုက်အဝန်း

အာဆီယံ နိုင်ငံရေး-လုံခြုံရေးအသိုက်အဝန်း၏ အန္တိမရည်မှန်းချက်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပြည်သူများ တစ်နိုင်ငံနှင့် တစ်နိုင်ငံသော်လည်းကောင်း၊ ကမ္ဘာကြီးနှင့်သော်လည်းကောင်း တရားမျှတပြီး ဒီမိုကရေစီရှိသော သဟဇာတဖြစ်သည့် ပတ်ဝန်းကျင်တွင် ငြိမ်းချမ်းစွာနေထိုင်ရေး အာမခံချက်ပေးရန်ပင် ဖြစ်ပါသည်။

အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းသည် ဒီမိုကရေစီ၊ ဥပဒေစည်းမျဉ်းများနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှု အခြေခံသဘောတရားများကို ထိန်းသိမ်းလိုက်နာပြီး အာဆီယံပဋိညာဉ်စာတမ်းတွင် ဖော်ပြထားသည့်အတိုင်း အာဆီယံနိုင်ငံများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ကာကွယ်ရေးနှင့် မြှင့်တင်ရေး လေးစားကာ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်သွားရမည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ဒေသတွင်း တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေး ထိန်းသိမ်းမြှင့်တင်ရာတွင် အာဆီယံ နိုင်ငံရေး-လုံခြုံရေးအသိုက်အဝန်းသည် အဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း၊ ၎င်း၏ ဆွေးနွေးဖက်နိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့်လည်းကောင်း အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန် ကြိုးပမ်းသွားမည် ဖြစ်ပါသည်။

အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းတွင် အောက်ပါ သွင်ပြင်လက္ခဏာ (၃)ရပ်ကို မျှော်မှန်းထားပါသည်-

- (က) တူညီသော စံနှုန်းသတ်မှတ်ချက်များနှင့် စည်းမျဉ်းစည်းကမ်းအပေါ် အခြေခံသော အသိုက်အဝန်းတစ်ရပ်၊
- (ခ) ဘက်စုံသော လုံခြုံရေးအတွက် ခွဲဝေတာဝန်ယူသော စည်းလုံးညီညွတ်၊ ငြိမ်းချမ်း၍ ကြံ့ခိုင်ခံနိုင်ရည်ရှိသည့် ဒေသတစ်ရပ်၊
- (ဂ) ပိုမိုပေါင်းစည်းပြီး အပြန်အလှန်အမှီပြုလာသော ကမ္ဘာတွင် တက်ကြွ၍ အမြင်ကျယ်သော ဒေသတစ်ရပ်။

အာဆီယံ နိုင်ငံရေး-လုံခြုံရေး အသိုက်အဝန်းကို အကောင်အထည်ဖော် တည်ဆောက်မည့် အခြေပြမြေပုံကို ၂၀၀၈ခုနှစ် ဒီဇင်ဘာလ ၁၃ရက်နေ့မှ ၁၈ရက်နေ့အထိ ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ ကျင်းပခဲ့သော (၁၄)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက အတည်ပြုခဲ့ပါသည်။

## အာဆီယံစီးပွားရေးအသိုက်အဝန်း

အာဆီယံ စီးပွားရေးအသိုက်အဝန်း၏ ရည်မှန်းချက်မှာ လူမှုစီးပွားရေး နိမ့်ကျမှုနှင့် ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်ရန်နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ညီမျှစေသည့် တည်ငြိမ်၍ ဖွံ့ဖြိုးစည်ပင်သော၊ ဈေးကွက်ပြိုင်ဆိုင်မှု အားကောင်းသော စီးပွားရေးဒေသတစ်ခုအဖြစ် ပြောင်းလဲတည်ထောင်နိုင်ရန်ပင် ဖြစ်ပါသည်။

အာဆီယံစီးပွားရေး အသိုက်အဝန်းတွင် အဓိကအားဖြင့် မဏ္ဍိုင် (၄)ရပ် ပါဝင်ပါသည်-

- (က) တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှု အခြေခံအဖွဲ့တစ်ခု၊
- (ခ) ဈေးကွက်ယှဉ်ပြိုင်မှုအားကောင်းသော စီးပွားရေးဒေသတစ်ခု၊
- (ဂ) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ညီမျှသည့် ဒေသတစ်ခု၊
- (ဃ) ကမ္ဘာ့စီးပွားရေးဈေးကွက်သို့ အပြည့်အဝထိုးဖောက်နိုင်သည့် ဒေသတစ်ခု။

အာဆီယံစီးပွားရေးအသိုက်အဝန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ၂၀၀၇ခုနှစ် နိုဝင်ဘာလ ၁၈ရက်နေ့မှ ၂၂ရက်နေ့အထိ စင်ကာပူနိုင်ငံ စင်ကာပူမြို့၌ ကျင်းပခဲ့သော (၁၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံစီးပွားရေးအသိုက်အဝန်း အခြေပြမြေပုံဆိုင်ရာ ကြေညာချက်ကို အာဆီယံခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ယင်းအခြေပြမြေပုံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းကို ၂၀၁၅ခုနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်အတွက် စီးပွားရေးပေါင်းစည်းမှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အချိန်သတ်မှတ်ချက်များကို ဖော်ဆောင်သည့် မဟာစီမံကိန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံစီးပွားရေးအသိုက်အဝန်းကို ၂၀၁၅ခုနှစ်တွင် အပြီးသတ် တည်ဆောက်နိုင်စေရန်အလို့ငှာ စီးပွားရေးလုပ်ငန်းရှင်များအားလုံးနှင့် ညှိနှိုင်းဆောင်ရွက်သည့် အာဆီယံစီးပွားရေးအသိုက်အဝန်း ဆက်သွယ်ရေးအစီအစဉ်နှင့် တိုးတက်မှုလုပ်ငန်းစဉ်များကို အမှတ်ပေးစနစ်ဖြင့် ထားရှိဆောင်ရွက်လျက် ရှိပါသည်။

## အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်း

အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်း၏ အဓိကရည်မှန်းချက်မှာ ဒေသတွင်းရှိ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပြည်သူများအကြား လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုအဆင့်အတန်းနှင့် စံမြင့်မားလာပြီး စည်းလုံးညီညွတ်မှုနှင့် ကြံ့ခိုင်မှုရှိစေရန်အကျိုးငှာ လူမှုရေးဆိုင်ရာ ဆောင်ရွက်ချက်ပင် ဖြစ်ပါသည်။ ပြည်သူများ၏ စားဝတ်နေရေး၊ ပိုမိုမြင့်မားကောင်းမွန်သည့် လူနေမှုဘဝရရှိရေးနှင့် အများပါဝင်နိုင်သည့် မျှဝေဖေးမနိုင်သည့် အသိုက်အဝန်းတစ်ရပ်ဖြစ်စေရန် ကြိုးပမ်းသွားမည် ဖြစ်ပါသည်။

ယင်းအသိုက်အဝန်းအား အကောင်အထည်ဖော် ဆောင်ရွက်ရန်အလို့ငှာ အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းသည် စဉ်ဆက်မပြတ် တိုးတက်မှုများကို တိုးမြှင့်နိုင်ရန် ရင်းနှီးကျွမ်းဝင်၍ လိုက်လျောညီထွေသည့် လူသားဦးစားပေးသော ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါသည်။ နားလည်စာနာမှု၊ အိမ်နီးချင်းကောင်းပီသမှုနှင့် တာဝန်သိစိတ်တို့၏ အခြေခံအုတ်မြစ်တစ်ရပ် တည်ဆောက်ရန်လည်း ပါဝင်ပါသည်။

အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းတွင် အောက်ပါသွင်ပြင်လက္ခဏာများကို မျှော်မှန်းထားပါသည်-

- (က) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊
- (ခ) လူမှုဖူလုံရေးနှင့် ကာကွယ်ရေး၊
- (ဂ) တရားမျှတမှုနှင့် အခွင့်အရေး၊
- (ဃ) ပတ်ဝန်းကျင် တည်တံ့မှု သေချာစေရေး၊
- (င) ထပ်တူညီသော အာဆီယံအသိုက်အဝန်းတစ်ရပ် တည်ဆောက်ရေးနှင့်
- (စ) ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကို ကျဉ်းမြောင်းစေရေး။

အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်း အခြေပြမြေပုံကိုလည်း (၁၄)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက အတည်ပြုခဲ့ကြပါသည်။ အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်း အခြေပြမြေပုံတွင် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေး၏ အဓိကမဏ္ဍိုင်မှာ အာဆီယံမိသားစုဝင်နိုင်ငံသူ၊ နိုင်ငံသားများပင် ဖြစ်ပါသည်။

## အရေးကြီးသောစာချုပ်များနှင့် သဘောတူညီချက်များ

### ဗန်ကောက်ကြေညာစာတမ်း

အရှေ့တောင် အာရှနိုင်ငံများအသင်း (အာဆီယံ)ကို ၁၉၆၇ခုနှစ် ဩဂုတ်လ ၈ရက်နေ့တွင် အာဆီယံကြေညာစာတမ်း (ဗန်ကောက်ကြေညာစာတမ်း)ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ဗန်ကောက်ကြေညာစာတမ်းတွင် ဖော်ပြထားသည့် အာဆီယံ၏ ရည်ရွယ်ချက်များတွင် သာတူညီမျှမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံ၍ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှုတို့ကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်ရန်၊ တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးမှုအပေါ်အခြေခံ၍ ဒေသဆိုင်ရာ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နည်းပညာ၊ သိပ္ပံပညာနှင့် စီမံအုပ်ချုပ်မှုနယ်ပယ်များတွင် တူညီသည့် အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန် အထောက်အကူပြုမှုများကို ဆောင်ရွက်သွားရန်စသည့် အချက်များပါဝင်ပါသည်။

### ဘာလီသဘောတူညီချက်-၁ (Declaration of ASEAN Concord)

ဘာလီသဘောတူညီချက်-၁မှာ ၁၉၇၆ခုနှစ် ဖေဖော်ဝါရီလ ၂၄ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် အာဆီယံခေါင်းဆောင်များက ချမှတ်ခဲ့သော သဘောတူညီချက်ဖြစ်သည်။ မူလက အာဆီယံသဘောတူညီချက် ကြေညာစာတမ်း သို့မဟုတ် ဘာလီသဘောတူညီချက်ဟု ခေါ်ဆိုခဲ့သော်လည်း ၂၀၀၃ခုနှစ်တွင် ဘာလီသဘောတူညီချက်-၂ ကို လက်မှတ်ရေးထိုးခဲ့သောအခါ ဘာလီသဘောတူညီချက်-၁ဟု ပြောင်းလဲခေါ်ဆိုကြပါသည်။ ယင်းသဘောတူညီချက်မှာ အာဆီယံပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ မူဘောင်တစ်ရပ်ကို ချမှတ်ပေးခဲ့သည့် သဘောတူညီချက်ဖြစ်ပါသည်။ ယင်းသဘောတူညီချက်တွင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး၊ ယဉ်ကျေးမှု၊ ပြန်ကြားရေး၊ လုံခြုံရေးအပိုင်းများနှင့် အာဆီယံယန္တရား ပိုမိုခိုင်မာရေးတို့တွင် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ ပါဝင်ပါသည်။

### ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (Tready of Amity and Cooperation in Southeast Asia)

အရှေ့တောင်အာရှဒေသ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ကို ၁၉၇၆ခုနှစ် ဖေဖော်ဝါရီလတွင် အာဆီယံမူလအဖွဲ့ဝင် (၅)နိုင်ငံ ပါဝင်ချုပ်ဆိုနိုင်ခဲ့ပါသည်။ ပထမနှင့် ဒုတိယအကြိမ် ပြင်ဆင်ချက်များကို ၁၉၈၇ခုနှစ်နှင့် ၁၉၈၈ခုနှစ်များတွင် ပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် ၁၉၉၅ခုနှစ်တွင် ဘရူနိုင်းနိုင်ငံ၌ကျင်းပသည့် (၂၈)ကြိမ်မြောက် အာဆီယံ ဝန်ကြီးအဆင့် အစည်းအဝေးတွင် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်တွင် အာဆီယံနိုင်ငံများသာမက ဒေသအတွင်း အင်အားကြီးနိုင်ငံများ ဖြစ်သည့် တရုတ်၊ ရုရှားဖက်ဒရေးရှင်း၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ စသည့်နိုင်ငံများလည်း အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိရာ ဒေသအတွင်း အင်အားကြီးနိုင်ငံများမှလည်း အာဆီယံအပေါ် အင်အားအသုံးမပြုရေးကို အာမခံချက် ရရှိလာခဲ့ပါသည်။ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သို့ ပြင်သစ်နိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့သည် ၂၀၀၇ခုနှစ် ဇန်နဝါရီလ စီဘူးထိပ်သီးအစည်းအဝေးတွင် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာနိုင်ငံတို့သည် ၂၀၀၇ခုနှစ် ဇူလိုင်လအတွင်း ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ကျင်းပသည့် အကြိမ်(၄၀)မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင်လည်းကောင်း အဆိုပါ စာချုပ်သို့ ပါဝင်ခဲ့ပါသည်။ ၂၀၀၈ခုနှစ် ဇူလိုင်လတွင် ကိုရီးယားပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ၂၀၀၉ခုနှစ် ဇူလိုင်လတွင် အမေရိကန်နိုင်ငံ၊ ၂၀၁၀ခုနှစ် ဇူလိုင်လတွင် တူရကီနှင့် ကနေဒါနိုင်ငံတို့ ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။

အရှေ့တောင်အာရှဒေသ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်တွင် နိုင်ငံအချင်းချင်းဆက်ဆံရေးအတွက် အရေးကြီးသော အချက်များဖြစ်သည့် ငြိမ်းချမ်းစွာဖြေရှင်းရေး၊ အချုပ်အခြာအာဏာ လေးစားရေး၊ မစွက်ဖက်ရေး၊ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရေး စသည့် အဓိကအချက်များ ပါဝင်ပါသည်။ တီအေစီအဖွဲ့ဝင်နိုင်ငံများ လိုက်နာရမည့် အခြေခံမူကြီးများတွင် -

- လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ၊ သဘောတူညီမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှု၊ အမျိုးသားရေးလက္ခဏာများကို အပြန်အလှန် လေးစားရေး၊
- နိုင်ငံတိုင်းအနေဖြင့် ယင်း၏ ရပ်တည်မှုကို ပြည်ပနိုင်ငံများမှ ဝင်ရောက်စွက်ဖက်မှု၊ ထိုးနှက်မှုနှင့် ဖိအားပေးမှုများမှ ကင်းရှင်းစွာ ရပ်တည်ခွင့်ရရှိရေး၊
- ပြည်တွင်းရေးကို မစွက်ဖက်ရေး၊
- အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းရေး၊
- အင်အားအသုံးပြုမှုကို စွန့်လွှတ်ခြင်းနှင့်
- ထိရောက်စွာပူးပေါင်းဆောင်ရွက်ရေး စသည့် အချက်များ ပါဝင်ပါသည်။ ။

*(ဆက်လက်ဖော်ပြပါမည်။)*





## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြစကြာလက်ရက်ကန်းရုံ၌ ကြာပင်မှ ချည်ထုတ်၍ ကြာပဝါနှင့် ကြာသင်္ကန်းများ ရက်လုပ်နေမှု၊ ရိုးရာပိုးထည်နှင့် ချည်ထည်များရက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

❍ *ရှေ့ဖုံးမှ*

### လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရား ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အင်းလေးဖောင်တော်ဦး ဇလာသလအဆောင်၌ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများနှင့် ဟိုတယ်လုပ်ငန်းရှင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား အင်းလေးကန် ရေရှည်တည်တံ့ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်က နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ပြန်လည်ထိန်းသိမ်း ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ရှမ်းပြည်နယ် (တောင်ပိုင်း) သစ်တောဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးတင်အေးနှင့် ဆည်မြောင်းဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးဝင်းကြည်တို့က အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီး ဦးဌေးဦး၊ ဝန်ကြီး ဦးသိန်းအောင်၊ ဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူတို့က ဝန်ကြီးဌာနအလိုက် အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဟိုတယ်လုပ်ငန်းရှင်များအား မှာကြားရာတွင် ယခုအခါ ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုတို့ကြောင့် နိုင်ငံအများအပြားတွင် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ခဲ့ပြီး မိမိတို့နိုင်ငံ၌လည်း အထိုက်အလျောက် ရိုက်ခတ်မှုများ ရှိခဲ့ကြောင်း။

### အကျိုးဆက်

ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုနှင့် လူတို့၏ ပယောဂကြောင့် နှစ်ကာလ ရှည်ကြာလာသည်နှင့်အမျှ ၎င်းတို့၏ အကျိုးဆက်အဖြစ် အင်းလေးကန်ကြီးအတွင်း ရေလျော့နည်းခန်းခြောက်မှုများ ဖြစ်ပေါ်ခဲ့ရကြောင်း။

### ဖြည့်စွမ်းပေး

အင်းလေးကန်ကြီးသည် နိုင်ငံတော်၏ အဖိုးတန်သဘာဝအမွေအနှစ်တစ်ခု ဖြစ်သကဲ့သို့ ရှမ်းပြည်နယ်၏ အမှတ်သင်္ကေတတစ်ခုလည်း ဖြစ်ကြောင်း၊ ထို့အပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝအတွက် များစွာ အထောက်အကူပြုရုံသာမက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကဏ္ဍအတွက်ကိုပါ တစ်ဖက်တစ်လမ်းက ဖြည့်စွမ်းပေးနေသည့် ကန်ကြီးဖြစ်ကြောင်း။

ထို့ကြောင့် အင်းလေးကန်ကြီး မတိမ်ကောစေရေး၊ အင်းလေးကန် သဘာဝပတ်ဝန်းကျင်ဂေဟစနစ် ရေရှည်တည်တံ့ခိုင်မြဲရေး၊ အင်းလေးကန် သာယာလှပ စိမ်းလန်းစိုပြည်ရေးတို့အတွက် သက်ဆိုင်ရာဌာနများအလိုက် လုပ်ငန်းစီမံချက်များ စနစ်တကျ ရေးဆွဲချမှတ် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

ဤသို့ ဆောင်ရွက်ရာတွင် အင်းလေးကန် ရေဝေရေလဲဒေသများ ကာကွယ်ထိန်းသိမ်းရေး၊ သစ်တောသစ်ပင်များ ပြန်လည်ပြုစုစိုက်ပျိုးရေး၊ သဲ၊ နုန်းပို့ချမှုများ ဖယ်ရှားရေး၊ ကျွန်းမျော၊ ရေမှော်နှင့် ဗေဒါများ ရှင်းလင်းရေး၊ ရွှေ့ပြောင်းတောင်ယာများအစား ကုန်းမြင့်လယ်ယာများ ပြောင်းလဲစိုက်ပျိုးနိုင်ရေး စသည့်လုပ်ငန်းများကို ဦးစားပေးအစီအစဉ်များအလိုက် စနစ်တကျ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

သစ်တောများ ပြန်လည်ပြုစုစိုက်ပျိုးရာတွင် ဒေသရာသီဥတုနှင့်ကိုက်ညီပြီး ဒေသခံပြည်သူများအတွက် ဝင်ငွေရရှိနိုင်သည့် နှစ်ရှည်ပင်များကို ဦးစားပေးစိုက်ပျိုးရမည့်အပြင် ပုဂ္ဂလိက နှစ်ရှည်ပင်စိုက်ခင်းများ ပေါ်ပေါက်လာရေးကိုလည်း အားပေးဆောင်ရွက်သွားရမှာဖြစ်ကြောင်း။



**အင်းလေးကန်အတွင်း ရေလမ်းကြောင်း ကောင်းမွန်စေရေးအတွက် ဗေဒါ၊ ဒိုက်နှင့် ရေမှော်များ ဆယ်ယူနေကြစဉ်။**

(သတင်းစဉ်)



**အင်းလေးကန်အတွင်း စက်ယန္တရားများဖြင့် သဲ၊ နုန်း တူးဖော်နေကြစဉ်။**

(သတင်းစဉ်)

### မှာကြား

ထို့ကြောင့် နိုင်ငံတော်၏ အားပေးကူညီပံ့ပိုးမှု၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်မှု၊ ဒေသခံ ပြည်သူများ၏ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်မှုများဖြင့် အင်းလေးကန် သာယာလှပ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း မှာကြားသည်။

### မြေထိန်းနံရံပြုပြင်

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦး ကုန်းတော် မြေထိန်းနံရံ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### ထိန်းသိမ်းစောင့်ရှောက်

အင်းလေးကန် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အထောက်အကူပြုသကဲ့သို့ နိုင်ငံတော်၏ သဘာဝအမွေအနှစ်တစ်ခုကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ရာလည်း ရောက်ကြောင်း။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

### ကြည့်ရှု

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရားမှ ရေယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး အင်းပေါ်ခုံရှိ မြစကြာရက်ကန်းရုံသို့ ရောက်ရှိကြ ကာ မြစကြာလက်ရက်ကန်းရုံ၌ ကြာပင်မှ ချည်ထုတ်၍ ကြာပဝါနှင့် ကြာသင်္ကန်းရက်လုပ်နေမှု၊ ရိုးရာပိုးထည်နှင့် ချည်ထည်များ ရက်လုပ်နေမှုတို့ကို ကြည့်ရှုကြသည်။





### မှာကြား

ထို့ကြောင့် နိုင်ငံတော်၏ အားပေးကူညီပံ့ပိုးမှု၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်မှု၊ ဒေသခံ ပြည်သူများ၏ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်မှုများဖြင့် အင်းလေးကန် သာယာလှပ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း မှာကြားသည်။

### မြေထိန်းနံရံပြုပြင်

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦး ကုန်းတော် မြေထိန်းနံရံ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### ထုတ်ကုန်ပစ္စည်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစကြာလက်ရက်ကန်းရုံမှ ထုတ်လုပ်သည့် ချည်ထည်၊ ပိုးထည်၊ ကြာချည်ထည်နှင့် ကြာသင်္ကန်းစသည့် ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရေယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး အင်းလေးခေါင်တိုင်မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် တောင်ကြီးမြို့သို့ ရောက်ရှိကြသည်။

### ဆွဲဆောင်ခေါ်ယူ

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ တောင်ပေါ်ရေကန်ကြီးတစ်ခုဖြစ်သော အင်းလေးကန်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၂၉၅၀ ခန့်တွင်ရှိပြီး မြန်မာနိုင်ငံ၏ အမျိုးသားအမွေအနှစ် သဘာဝရေချိုကန်ကြီးဖြစ်ကာ ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်ခေါ်ယူနိုင်သော နေရာတစ်ခုဖြစ်သည်။

အင်းလေးကန်သည် ၂၀၀၈ ခုနှစ် နွေရာသီအချိန်က စတုရန်းမိုင် ၄၀ ခန့်ရှိခဲ့ရာမှ ယခုနှစ်နွေရာသီတွင် ယခင်နှစ်များကထက် ပိုမိုပူပြင်းခဲ့မှုကြောင့် စတုရန်းမိုင်ပေါင်း ၂၇ မိုင်သာ ကျန်ရှိတော့သဖြင့် နှစ်နှစ်တာကာလအတွင်း ကန်ရေပြင်ဧရိယာမှာ ၁၃ စတုရန်းမိုင်ခန့် လျော့နည်းသွားသည်ဟု သိရှိရသည်။ အင်းလေးကန်၏ အလျားသည် ယခင်က ၁၆ မိုင်ရှိခဲ့ရာမှ ယခုအခါ ၁၁ မိုင်ခန့်၊ အနံမှာလည်း ယခင်က ၈ မိုင်ရှိခဲ့ရာမှ ယခုအခါ ၄ မိုင်ခန့်သာ ရှိတော့သည်။

### ဝိုင်းဝန်းလက်တွဲ

ထို့ကြောင့် ဒေသခံတိုင်းရင်းသားများနှင့် နိုင်ငံတော်အတွက် များစွာအကျိုးပြုအားထားနေရသည့် အင်းလေးကန်ကြီး မတိမ်ကော မပျောက်ပျက်စေဘဲ နှစ်ပေါင်းများစွာ ရေရှည်တည်တံ့ရေး၊ အင်းလေးဒေသပတ်ဝန်းကျင် သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် နိုင်ငံတော်နှင့်အတူ ဒေသခံ တိုင်းရင်းသားများအားလုံး ဝိုင်းဝန်းလက်တွဲ၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

**(သတင်းစဉ်)**

## အင်းလေး ဖောင်တော်ဦး ရုပ်ရှင်တော် မြတ်စွာဘုရား

**အင်းလေး ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရား ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ထားမှုကို တွေ့ရစဉ်။**

(သတင်းစဉ်)



**ဒေသခံတိုင်းရင်းသားများနှင့် နိုင်ငံတော်အတွက် များစွာအကျိုးပြုအားထားနေရသည့် အင်းလေးကန်ကြီး မတိမ်ကော မပျောက်ပျက်စေဘဲ နှစ်ပေါင်းများစွာ ရေရှည်တည်တံ့ရေး၊ အင်းလေးဒေသပတ်ဝန်းကျင် သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် နိုင်ငံတော်နှင့်အတူ ဒေသခံတိုင်းရင်းသားများအားလုံး ဝိုင်းဝန်းလက်တွဲ၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်။**



ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

### ကြည့်ရှု

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရားမှ ရေယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး အင်းပေါ်ခုံရှိ မြစကြာရက်ကန်းရုံသို့ ရောက်ရှိကြကာ မြစကြာလက်ရက်ကန်းရုံ၌ ကြာပင်မှ ချည်ထုတ်၍ ကြာပဝါနှင့် ကြာသင်္ကန်းရက်လုပ်နေမှု၊ ရိုးရာပိုးထည်နှင့် ချည်ထည်များ ရက်လုပ်နေမှုတို့ကို ကြည့်ရှုကြသည်။

## မြစကြာလက်ရက်ကန်းရုံမှ ထုတ်ကုန်ပစ္စည်းအချို့

**မြစကြာလက်ရက်ကန်းရုံမှ ထုတ်လုပ်သည့် ချည်ထည်၊ ပိုးထည်၊ ကြာချည်ထည်နှင့် ကြာသင်္ကန်း ထုတ်ကုန်ပစ္စည်းအချို့ကို တွေ့ရစဉ်။**

(သတင်းစဉ်)





## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၈-၈-၂၀၁၀ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ အင်္ဂဇေယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၇။ အကပြိုင်ပွဲ
- ၈:၁၅ ၈။ **တက္ကစီမီတာသင်လိုရာ**
- ၈:၃၀ ၉။ **ရေအကျိုးဆယ်ပါး မတောင်းဘဲပြည့်စေသား**
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံ့တကာသတင်းစဉ်
- ၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း၊ မနွမ်းသောမေတ္တာ** (အပိုင်း-၃၂)
- ၁၂:၃၀ ၅။ Golf Magazine (TV)
- ၁၂:၅၀ ၆။ မြန်မာရုပ်ရှင် **မြန်မာ့မော်ကွန်း** ဆန်နီနေဝင်းထွန်း၊ ကျော်ကျော်ပိုင်မှူး၊ ထွန်းထွန်းအောင်၊ ထက်လူ၊ သင်းသင်းယုလှိုင်၊ ဟေမာန်အောင်အောင်၊ ဇင်မာအောင်၊ ခိုင်ပွင့် (ဒါရိုက်တာ-စင်ရော်မောင်မောင်)
- ၁၄:၅၀ ၇။ International News
- ၁၅:၀၀ ၈။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အတီးပြိုင်ပွဲ
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၂၅ ၄။ တေးဂီတအစီအစဉ်
- ၄:၃၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ **အာဆီယံအဖွဲ့ဝင်မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များ**
- ၅:၂၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၁။ ကာတွန်းအစီအစဉ် Bugs Adventures (အပိုင်း-၂၃)
- ၆:၄၀ ၁၂။ တစ်မျက်နှာတစ်ကွက်စာ **မေတ္တာလမ်းမှ ခလုတ်လေး** (ဒုတိယပိုင်း) တေဇ၊ မိုးထက်ပိုင်၊ ခိုင်ငြိမ်းငြိမ်းစံ၊ ကြည်နူးနိုင် [ဒါရိုက်တာ-မေတင် (MMG)]
- ၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **အတိတ်ရဲ့ပုံရိပ်** (အပိုင်း-၄)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံ့တကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ထာဝရတို့မြေအလှ ဟေမာနေဝင်း၊ တေးရေး-ပက်ထရစ် (မိုးသောက်ပန်း)
- ၁၈။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၄၉)
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေဆုံးမြေဆုံး** (အပိုင်း-၁၀)
- ၂၀။ အစီအစဉ်ပြီး၏။

# သဘာဝ အနံ့အရသာနှင့် အရည်အသွေးမီ ကော်ဖီမှုန့် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော ပြင်ဦးလွင်ကော်ဖီစက်ရုံ

သတင်းဆောင်းပါး-တင်ထွေး(သတင်းစဉ်)၊ ဓာတ်ပုံမှတ်တမ်း-ကိုထွေး၊ စာမျက်နှာဖွဲ့စည်းမှု-ယဉ်ယဉ်အေး (မြန်မာ့အလင်း)

ပြင်ဦးလွင် ဩဂုတ် ၇

ပြင်ဦးလွင်မြို့ကို ဖြတ်သွားဖြတ်လာရော၊ ညအိပ်ခရီးနဲ့ပါဆိုရင် ရောက်ဖြစ်တာ ငါးခေါက်ထက်မနည်း ရှိပါပြီ။ ဒါပေမယ့် ပြင်ဦးလွင်မြို့ရှိ ကော်ဖီစက်ရုံကို မရောက်ဖြစ်ခဲ့ပါ။ နှစ်ဆန်းပိုင်းတုန်းကတော့ ပြင်ဦးလွင်မြို့မှာ ရက်သတ္တတစ်ပတ်လောက် နေခွင့်ရခဲ့တာမို့ ပွဲကောက်ရေတံခွန်နဲ့ ပိတ်ချင်းမြောင်လိုဏ်ဂူအပါအဝင် နေရာအတော်စုံအောင် သွားဖြစ်ခဲ့ပါတယ်။ မှတ်မှတ်ရရ မပြန်ခင်တစ်ရက်မှာ ပြင်ဦးလွင်ကော်ဖီစက်ရုံကို သွားရောက်လေ့လာဖြစ်ခဲ့ပါတယ်။



ပြင်ဦးလွင် ကော်ဖီစက်ရုံမှ စက်ရုံမှူး ဦးမြင့်ဆွေက ရွှေခြင်္သေ့တံဆိပ် ကော်ဖီမှုန့်များ ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။



ပြင်ဦးလွင်ကော်ဖီစက်ရုံမှ ထုတ်လုပ်သော သဘာဝ အနံ့အရသာနှင့် အရည်အသွေးမီ ရွှေခြင်္သေ့ကော်ဖီမှုန့်အထုပ်များ။

ပြင်ဦးလွင်ကော်ဖီစက်ရုံဟာ ပြင်ဦးလွင်မြို့ မန္တလေး-လားရှိုးလမ်းဘေး အမှတ် (၁၅၇-ခ)မှာ တည်ရှိပြီး ကော်ဖီစက်ရုံနဲ့ ရုံးမြေ ဝဒသမ ၈၀၇ဧကေ၊ ရိပ်သာနဲ့ ဝန်ထမ်းအိမ်ရာ ဝဒသမ ၉၅၁ ဧက စုစုပေါင်းမြေဧရိယာ ၁ဒသမ ၇၅၈ ဧက ကျယ်ဝန်းပါတယ်။

## ဖြန့်ဖြူး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နှစ်ရှည်ပင်နှင့် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းဌာန (စိုက်/မွေး) လုပ်ငန်းလက်အောက်မှာရှိတဲ့ ပြင်ဦးလွင်ကော်ဖီစက်ရုံဟာ ပြည်တွင်းထွက် ကော်ဖီဆံကုန်ကြမ်းတွေကိုအသုံးပြုပြီး သဘာဝအနံ့အရသာနှင့် အရည်အသွေးမီ ကော်ဖီမှုန့်တွေ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါတယ်။

မြန်မာနိုင်ငံမှာ ကော်ဖီမှုန့်ထုတ်လုပ်ခြင်းလုပ်ငန်းကို ၁၉၃၀ပြည့်နှစ်လောက်ကတည်းက ပြင်ဦးလွင်မြို့မှာ ဦးဘတူဆိုသူက စတင်လုပ်ကိုင်ခဲ့တာပါ။

အဲဒီတုန်းက ကော်ဖီစေ့ကို မီးသွေးနဲ့လှော်ပြီး လက်လှည့်ကြိတ်စက်နဲ့ ကြိတ်ခဲ့ရပါတယ်။ ၁၉၅၇ခုနှစ်မှာတော့ ဦးဘတူဟာ ခေတ်မီလှော်စက်နှစ်လုံးကို ဂျာမနီနိုင်ငံ Probat ကုမ္ပဏီမှ ဝယ်ယူပြီး ပြင်ဦးလွင် ကော်ဖီစက်ရုံကို တည်ထောင်ကာ B.T Brother Co., Ltd. အမည်ဖြင့် ကော်ဖီမှုန့်တွေကို စီးပွားဖြစ် အများအပြား ထုတ်လုပ်ခဲ့ပါတယ်။



ပြင်ဦးလွင် ကော်ဖီစက်ရုံတွင် ကော်ဖီမှုန့်များ၏ အနံ့အရသာ ပျောက်ဆုံးခြင်း လျော့နည်းစေရန်အတွက် စနစ်ကျသော လေလုံသည့်ထုပ်ပိုးမှု ဆောင်ရွက်နေစဉ်။

## ကော်ဖီစက်ရုံ

၁၉၆၅ခုနှစ်မှာ ကော်ဖီစက်ရုံနဲ့ ကော်ဖီခြံတွေကို ပြည်သူပိုင်သိမ်းခဲ့ပြီး ၁၉၆၈ခုနှစ်မှာ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်းရဲ့ ကော်ဖီစက်ရုံအဖြစ် လုပ်ကိုင်ကာ ဆွမ်းအုပ်တံဆိပ်ကော်ဖီမှုန့်တွေ ထုတ်လုပ်ခဲ့ပါတယ်။

၁၉၉၄ခုနှစ် ဒီဇင်ဘာလမှာ အမှတ်(၁) စက်မှုဝန်ကြီးဌာနထံမှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းက လွှဲပြောင်းရယူခဲ့ပြီး ရွှေခြင်္သေ့တံဆိပ် ကော်ဖီမှုန့်တွေ ထုတ်လုပ်ခဲ့တာ ဖြစ်ပါတယ်။

## နှစ်မျိုးထုတ်လုပ်

ပြင်ဦးလွင်ကော်ဖီစက်ရုံမှ အဓိကအနေနဲ့ အစစ်ကော်ဖီမှုန့် (Pure Coffee)နဲ့ ပြင်သစ်ကော်ဖီမှုန့်(French Coffee) ဆိုပြီး ကော်ဖီမှုန့်နှစ်မျိုး ထုတ်လုပ်ပါတယ်။ တစ်နှစ် ကုန်ထုတ်လုပ်နိုင်စွမ်းအားကတော့ အစစ်ကော်ဖီမှုန့် ပေါင်သုံးသိန်း၊ ပြင်သစ်ကော်ဖီမှုန့် ပေါင်နှစ်သိန်း ဖြစ်ပါတယ်။

ပြင်ဦးလွင်ကော်ဖီစက်ရုံအတွက် လိုအပ်တဲ့ ကော်ဖီဆံကုန်ကြမ်းတွေကို ဌာနပိုင်ကော်ဖီခြံနဲ့ ပုဂ္ဂလိက တောင်သူတွေဆီက ဝယ်ယူရရှိပါတယ်။ ပြင်သစ်ကော်ဖီမှုန့်အတွက် လိုအပ်တဲ့ ချီကိုရီခြောက်တွေရရှိဖို့ ချီကိုရီမျိုးစေ့အသစ်တွေကို ဌာနပိုင် ကော်ဖီခြံတွေနဲ့ ပုဂ္ဂလိကတောင်သူတွေဆီ ဖြန့်ဝေပြီး စိုက်ပျိုးစေပါတယ်။

အစစ်ကော်ဖီမှုန့် ပေါင်သုံးသိန်း ထုတ်လုပ်ရန် ကော်ဖီဆံအဆင့်တစ် တန် ၁၈၀ လိုအပ်ပြီး ပြင်သစ်ကော်ဖီမှုန့် ပေါင်နှစ်သိန်းထုတ်လုပ်ရန် ကော်ဖီဆံ ၇၂တန်နဲ့ ချီကိုရီခြောက် တန်၆၀ လိုအပ်ပါတယ်။

အသင့်သောက်သုံးနိုင်တဲ့ ကော်ဖီမှုန့်ရရှိဖို့ အဆင့်ဆင့် စနစ်တကျ လုပ်ဆောင်ရပါတယ်။ ကုန်ကြမ်းကော်ဖီဆံအစိမ်းကို လှော်ခြင်း(Roasting)၊ လှော်ပြီးရရှိလာတဲ့ ကော်ဖီလှော်စေ့တွေကို ကြိတ်ခွဲခြင်း (Grinding)၊ အစစ်ကော်ဖီမှုန့်အတွက် ဒေသအမျိုးမျိုးကထွက်တဲ့ ကော်ဖီတွေကို ရောစပ်ခြင်း၊ ပြင်သစ်ကော်ဖီမှုန့်အတွက် အစစ်ကော်ဖီမှုန့်နဲ့ ချီကိုရီမှုန့် ရောစပ်ပေးခြင်း စတဲ့ ရောစပ်ခြင်း (Mixing) တို့ကို ဆောင်ရွက်ပြီး ရရှိလာတဲ့ကော်ဖီမှုန့်တွေကို အနံ့အရသာပျောက်ဆုံးမှု လျော့နည်းစေဖို့အတွက် ပလတ်စတစ်အိတ်၊ ခဲစက္ကူအိတ်တွေကို အသုံးပြုပြီး စနစ်တကျ လေလုံအောင် ထုပ်ပိုးမှုပြုလုပ်ရပါတယ်။



ပြင်ဦးလွင် ကော်ဖီစက်ရုံတွင် ကော်ဖီလှော်အိုးဖြင့် ကုန်ကြမ်းကော်ဖီဆံ အစိမ်းများလှော်နေစဉ်။

## ထုတ်လုပ်နိုင်

ပြင်ဦးလွင်ကော်ဖီစက်ရုံမှ နှစ်စဉ် ကော်ဖီမှုန့် ပေါင်တစ်သိန်းခွဲ ထုတ်လုပ်လျက်ရှိပါတယ်။ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်မှာ အစစ်ကော်ဖီမှုန့် ပေါင် ၁၂၀၀၀ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်မှာ (၂၀၀၉ နိုဝင်ဘာအထိ) အစစ်ကော်ဖီမှုန့် ၆၄၂၈ ပေါင်နဲ့ ပြင်သစ်ကော်ဖီမှုန့် ၂၄၆၈ ပေါင် ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရပါတယ်။

## ဘေးကင်း

ပြင်ဦးလွင်ကော်ဖီစက်ရုံမှ စက်ရုံမှူး (ဒုတိယအထွေထွေမန်နေဂျာ) ဦးမြင့်ဆွေက ရွှေခြင်္သေ့တံဆိပ် ကော်ဖီမှုန့်တွေ ဈေးကွက်ထိုးဖောက်မှုနဲ့ စပ်လျဉ်းပြီး "ဒီနေ့ စားသောက်ကုန်ပစ္စည်း ဈေးကွက်မှာ တွင်တွင်ကျယ်ကျယ် ရေပန်းစားနေတဲ့ အသင့်ဖျော်သောက်သုံးနိုင်တဲ့ ကော်ဖီမစ် (Coffee Mix) အများစုက ကြော်ငြာအတွက် ငွေကြေးအမြောက်အမြား အကုန်အကျခံ သုံးစွဲကာ ကြော်ငြာပြီး မိမိတို့ပစ္စည်း အရောင်းတွင်ကျယ်ရေး၊ အမြတ်အစွန်းများများ ရရှိရေးကိုသာ အဓိကထားဆောင်ရွက်နေကြတာတွေ့ရပါတယ်။ ပြင်ဦးလွင်ကော်ဖီစက်ရုံအနေနဲ့ စက်ရုံထုတ်ကုန်ပစ္စည်းဖြစ်တဲ့ ရွှေခြင်္သေ့တံဆိပ် ကော်ဖီမှုန့်တွေကို သောက်သုံးသူတွေ ဘေးကင်းစိတ်ချရမှုရှိရေးကိုပဲ အဓိကထားပြီး သုတေသန ဓာတ်ခွဲခန်း အကူအညီရယူကာ ထုတ်လုပ်ရောင်းချနေရတဲ့အတွက် ကြော်ငြာအပိုင်းမှာ အားနည်းနေသေးတာဖြစ်ပါတယ်" လို့ ပြောကြားပါတယ်။

## ရှင်းလင်းပြောကြား

ဆက်လက်ပြီး စက်ရုံမှူး ဦးမြင့်ဆွေက ဈေးကွက်မှ ကော်ဖီမစ်တွေနဲ့ စပ်လျဉ်းပြီး "ပုဂ္ဂလိကလုပ်ငန်းရှင်တွေက ထုတ်လုပ်ထားတဲ့ အသင့်ဖျော်သောက်နိုင်တဲ့ ကော်ဖီမစ်တွေဟာ အသင့်ပြုလုပ်ပြီးသား ကော်ဖီမှုန့်ကို ပြည်ပမှ တင်သွင်းလာခဲ့ပြီး ဒီကိုရောက်လာမှ သကြား၊ Creamer စတဲ့ ပစ္စည်းတွေ အချိုးကျရောစပ်ကာ ကော်ဖီမစ်အဖြစ် ထုတ်လုပ်ထားခြင်း ဖြစ်ပါတယ်။ ပြည်တွင်းမှာ ရောစပ်ထုပ်ပိုးခြင်း(Packing) လောက်သာ ပြုလုပ်တာဖြစ်ပါတယ်။ ဒါကြောင့် ပြည်ပမှ တင်သွင်းလာတဲ့ ကော်ဖီမှုန့်တွေရဲ့ ဘေးကင်းစိတ်ချရမှု အဆင့်အတန်းကို ကျန်းမာရေးရှုထောင့်မှ အလေးအနက် ထည့်သွင်းစဉ်းစားဖို့ လိုအပ်နေပါတယ်။ ဒါဟာ ကော်ဖီမစ် သောက်သုံးနေကြသူအများစုက သတိမပြုမိကြသေးတဲ့ အချက်ပဲဖြစ်ပါတယ်" လို့ ရှင်းလင်းပြောကြားပါတယ်။

## ကြိုးပမ်းဆောင်ရွက်

ပြင်ဦးလွင်ကော်ဖီစက်ရုံမှ ရွှေခြင်္သေ့တံဆိပ် (Golden Lion) ဖြင့် ထုတ်လုပ်တဲ့ ကော်ဖီမှုန့်အမျိုးမျိုးဟာ အရောအနှော မပါ ကော်ဖီစစ်စစ်ကိုသာ အသုံးပြုထုတ်လုပ်ထားခြင်းဖြစ်တဲ့အတွက် ကော်ဖီသောက်သုံးသူတွေရဲ့ ယုံကြည်နှစ်ခြိုက်မှုကို ရရှိထားပါတယ်။ စက်ရုံ တာဝန်ရှိသူအဆင့်ဆင့်နဲ့ ဝန်ထမ်းတွေဟာ ကော်ဖီမှုန့်ရဲ့ သဘာဝ အနံ့အရသာနှင့် အရည်အသွေးကို ထိန်းသိမ်းပြီး အဆင့်မီ ထုပ်ပိုးမှုတွေနဲ့ အရောင်းမြှင့်တင်ရေး လုပ်ငန်းတွေကို ကြိုးပမ်းဆောင်ရွက်ထားတဲ့အတွက် ပြင်ဦးလွင်ကော်ဖီစက်ရုံမှ သောက်ခဲ့ရတဲ့ ကော်ဖီတစ်ခွက်ကိုတော့ဖြင့် မမေ့နိုင်အောင် ဖြစ်နေမိပါတော့တယ်။ ။



ကျန်းမာသန့်ရှင်းပြီး အန္တရာယ်ကင်းသော အစားအစာများ စားသုံးနိုင်ရေးအတွက် တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် စည်ပင်သာယာဈေးနှင့် မြို့နယ်တွင်းရှိ ဈေးများတွင် အရောင်ဆိုးထားသော မှျစ်များရောင်းချခြင်း ရှိ မရှိကို မြို့နယ်ကြီးကြပ်ရေးအဖွဲ့မှ ဩဂုတ် ၅ရက်က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြစဉ်။

(၁၇၁)

# MFF CUP 2010 ရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်မဲနှိုက်ရေးဆွဲ အပျော်တမ်းပြိုင်ပွဲအတွက် စပွန်ဆာစာချုပ်များ ချုပ်ဆို

ရန်ကုန် ဩဂုတ် ၇

MFF CUP 2010 ရှုံးထွက် ဘောလုံးပြိုင်ပွဲ ပွဲစဉ်မဲနှိုက်ရေးဆွဲခြင်းအခမ်းအနားနှင့် ၂၀၁၀ အပျော်တမ်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို စပွန်ဆာပေးထားသည့် ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုခြင်းအခမ်းအနားကို ဩဂုတ် ၅ရက် ည ၇နာရီက ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်းနှင့် အပျော်တမ်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို စပွန်ဆာပေးထားကြသည့် Title Sponsor ရိုးမရာဇာ၊ Main - Partner-Toyo Bettery၊ Co., Sponsor များဖြစ်သည့် Air Bagan, KBZ Bank, Alpine, Awba, Fresh Air-con နှင့် ဖြိုးခနေ ဆီသန့်အကြော်စုံတို့နှင့် စပွန်ဆာစာချုပ်များ ချုပ်ဆိုကြသည်။ ယင်းနောက် အပျော်တမ်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နေသည့် အသင်း ၁၂သင်းကို မိတ်ဆက်ပေးသည်။ ထို့နောက် ဩဂုတ် ၂၅ရက်မှ နိုဝင်ဘာ ၁၀ရက်အထိ ကျင်းပမည့် MFF CUP 2010 ရှုံးထွက်ပြိုင်ပွဲကို MNL ကလပ်အသင်းပိုင်ရှင်များနှင့် တာဝန်ရှိသူများက ပွဲစဉ်များ မဲနှိုက်ရေးဆွဲပေးကြသည်။

## ကျင်းပသွားမည်

MFF CUP 2010 ရှုံးထွက်ပြိုင်ပွဲကို MNL ကလပ်အသင်း ၁၁သင်းနှင့် အပျော်တမ်းပြိုင်ပွဲတွင် အမှတ်အများဆုံး ရရှိသည့် ထိပ်ဆုံးငါးသင်းတို့ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## ပထမအဆင့်ရှုံးထွက်ပွဲစဉ်များ

| | | | |
|---|---|---|---|
| ၁။ | ၂၅-၈-၂၀၁၀ | မကွေး-ရတနာပုံ | (သုဝဏ္ဏကွင်း) |
| ၂။ | ၂၅-၈-၂၀၁၀ | အပျော်တမ်း(၃)-အပျော်တမ်း(၄) | (အောင်ဆန်းကွင်း) |
| ၃။ | ၁-၉-၂၀၁၀ | ဇေယျာရွှေမြေ-မနော်မြေ | (သုဝဏ္ဏကွင်း) |
| ၄။ | ၁-၉-၂၀၁၀ | ဉဿာ-နေပြည်တော် | (အောင်ဆန်းကွင်း) |
| ၅။ | ၈-၉-၂၀၁၀ | ဆောက်သမ်း-ရန်ကုန်ယူနိုက်တက် | (သုဝဏ္ဏကွင်း) |
| ၆။ | ၈-၉-၂၀၁၀ | အပျော်တမ်း(၅)-ကမ္ဘောဇ | (အောင်ဆန်းကွင်း) |
| ၇။ | ၁၅-၉-၂၀၁၀ | အပျော်တမ်း(၂)-ဒယ်လ်တာယူနိုက်တက် | (သုဝဏ္ဏကွင်း) |
| ၈။ | ၁၅-၉-၂၀၁၀ | ဇွဲကပင်ယူနိုက်တက်-အပျော်တမ်း(၁) | (အောင်ဆန်းကွင်း) |

## ကွာတားဖိုင်နယ်

| | | | |
|---|---|---|---|
| ၉။ | ၂၉-၉-၂၀၁၀ | ပွဲစဉ်(၁)နိုင်-ပွဲစဉ်(၅)နိုင် | (သုဝဏ္ဏကွင်း) |
| ၁၀။ | ၆-၁၀-၂၀၁၀ | ပွဲစဉ်(၂)နိုင်-ပွဲစဉ်(၆)နိုင် | (အောင်ဆန်းကွင်း) |
| ၁၁။ | ၁၃-၁၀-၂၀၁၀ | ပွဲစဉ်(၃)နိုင်-ပွဲစဉ်(၇)နိုင် | (သုဝဏ္ဏကွင်း) |
| ၁၂။ | ၂၀-၁၀-၂၀၁၀ | ပွဲစဉ်(၄)နိုင်-ပွဲစဉ်(၈)နိုင် | (အောင်ဆန်းကွင်း) |

## ဆီမီးဖိုင်နယ်

| | | | |
|---|---|---|---|
| ၁၃။ | ၂၇-၁၀-၂၀၁၀ | ပွဲစဉ်(၉)နိုင်-ပွဲစဉ်(၁၁)နိုင် | (သုဝဏ္ဏကွင်း) |
| ၁၄။ | ၃-၁၁-၂၀၁၀ | ပွဲစဉ်(၁၂)နိုင်-ပွဲစဉ်(၁၀)နိုင် | (အောင်ဆန်းကွင်း) |

## ဖိုင်နယ်

| | | | |
|---|---|---|---|
| ၁၅။ | ၁၀-၁၁-၂၀၁၀ | ဆီမီးဖိုင်နယ်နိုင် နှစ်သင်း | (သုဝဏ္ဏကွင်း) |

(အား/ကာ)



မသန်စွမ်းသူများအတွက် ဖွဲ့စည်းတည်ထောင်ထားသော ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)သို့ ရန်ကုန်မြို့ အမှတ်(၂) ပြည်လမ်း မင်္ဂလာဒုံမြို့နယ်နေ ဦးသန်းဇော်မိုး-ဒေါ်အေးအေးတို့က အလှူငွေကျပ်တစ်သိန်းကို လမ်းမတော်မြို့နယ် မြန်မာ့အလှတာဝါ(၂)ရှိ ဖောင်ဒေးရှင်းရုံးခန်းသို့ ဩဂုတ် ၃ရက်က လာရောက်ပေးအပ်လှူဒါန်းရာ ရွှေမင်းသားဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမြတ်သူဝင်း လက်ခံယူစဉ်။

(ဖောင်ဒေးရှင်း)



ဇူလိုင် ၂၄ရက်က ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သောင်းအေး ကျောက်တော်မြို့နယ်ရှိ ပီကောက်တံတားကြွခိုင်မှု ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းဖော်ပြပြီး)

(သတင်းစဉ်)

# ဦးစီးအရာရှိမွမ်းမံသင်တန်းဆင်းပွဲ

# ဝန်ကြီးသူရဦးအေးမြင့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၇

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ဩဂုတ် ၆ရက် နံနက် ၈နာရီက အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) သင်တန်းသား သုံးထပ်ဆောင်သစ် သင်တန်းခန်းမ၌ကျင်းပသော အားကစားနှင့်ကာယပညာ ဦးစီးဌာန ဦးစီးအရာရှိ မွမ်းမံသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

## မှာကြား

သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး သူရဦးအေးမြင့်က သင်တန်းမှ ပို့ချလိုက်သည့် နိုင်ငံတော်၏ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသောအခြေအနေများ၊ ကမ္ဘာနှင့်အဝန်း အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသော အားကစားဆိုင်ရာ အသိပညာများ၊ အားကစားလေ့ကျင့်ရေးသဘောတရားများ၊ အားကစားဆေးပညာနှင့် သုတေသန ဘာသာရပ်များ၊ ခေတ်မီနည်းစနစ်၊ နည်းဗျူဟာ၊ နည်းပညာများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန၏ ဌာနဆိုင်ရာလုပ်ငန်းများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ၏ လုပ်ရှားမှုများကို အကျိုးရှိရှိ ပြန်လည်အသုံးပြုသွားပြီး မိမိတို့ဒေသဆိုင်ရာ အားကစားမြှင့်တင်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် လက်တွေ့အသုံးချသွားကြရန် စသည်ဖြင့် မှာကြားသည်။

## ပေးအပ်

ယင်းနောက် ဝန်ကြီးက သင်တန်းသား ထူးချွန်ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ဦးစီးအရာရှိ မွမ်းမံသင်တန်း အမှတ်စဉ်(၁၁)ဆင်းပွဲတွင် ထူးချွန်ပထမဆုရရှိသော ဦးကျော်ကျော်သိန်း (လားရှိုးမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန) အား ဆုပေးအပ်ချီးမြှင့်စဉ်။ (အား/ကာ)

# ကျုံပျော်မြို့နယ် ကျားချောင်းတံတား တည်ဆောက်ရေး ပါဝင်လှူဒါန်းနိုင်

ကျုံပျော် ဩဂုတ် ၇

*ဧရာဝတီတိုင်း ကျုံပျော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ခရိုင်ချင်းဆက် ကျုံပျော်မြို့နယ်နှင့် ဟင်္သာတမြို့နယ် နယ်စပ် ဒါးကချောင်းကူး ကျားချောင်းတံတားကြီးကို ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဒေးဒရဲမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာ ဦးကျော်ထူးတို့၏ ကြီးကြပ်မှုဖြင့် ဆောက်လုပ်လျက်ရှိပြီး ကျားချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ စေတနာရှင်၊ ကုသိုလ်ရှင် အလှူရှင်များ၏ စုပေါင်းစွမ်းအားဖြင့် ၂၀၀၉ခုနှစ်မှ စတင်တည်ဆောက်ခဲ့ရာ ကြမ်းခင်းလုပ်ငန်းကို ၂၀၁၀ ခုနှစ်အတွင်းပြီးစီးရန် ဆောက်လုပ်လျက်ရှိသည်။ တံတားတည်ဆောက်ရေးတွင် ပါဝင်လှူဒါန်းလိုသူ စေတနာရှင် အလှူရှင်များသည် ကျုံပျော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ လှူဒါန်းနိုင်ကြောင်း သိရသည်။*

(မြို့နယ် ပြန်/ဆက်)

# အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများ ပျော်ဘွယ်မြို့နယ်၌ ပေးအပ်လှူဒါန်း

ပျော်ဘွယ် ဩဂုတ် ၇

မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်တွင် အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာ ဖြန့်ဝေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၈ရက် နံနက် ၁၀နာရီက ပျော်ဘွယ်မြို့နယ် တိုင်းရင်းဆေးကုဌာန၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းငွေနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ခရိုင်မှ ခရိုင်တိုင်းရင်းဆေးမှူး ဦးသန်းဝင်းနှင့် သက်ဆိုင်ရာကျေးရွာတာဝန်ခံများ တက်ရောက်ကြသည်။

## ရှင်းလင်းပြောကြား

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းငွေက အမှာစကားပြောကြားပြီး နေပြည်တော်ခရိုင် ခရိုင်တိုင်းရင်းဆေးမှူး ဦးသန်းဝင်းက တိုင်းရင်းဆေးသေတ္တာများ ပေးအပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းငွေ၊ ခရိုင်တိုင်းရင်းဆေးမှူး ဦးသန်းဝင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဆုယဉ်ဖြိုးထက်၊ မြို့မိမြို့ဖ ဆရာကြီး ဦးဘညွန့်၊ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်စန်းကြည်ကြည်တို့က အရေးပေါ်သုံး မြန်မာတိုင်းရင်းဆေးသေတ္တာများကို သက်ဆိုင်ရာကျေးရွာတာဝန်ခံများ ထံပေးအပ်ကြသည်။

(မြို့နယ် ပြန်/ဆက်)

# စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ တွံတေးမြို့နယ်၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၇

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ခလုပ်ကျေးရွာအုပ်စု ခလုပ်ကျေးရွာတွင် ပညာဘဏ်တိုက် ကျေးလက်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၂၉ရက် နံနက် ၁၁နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသန့်ဇင်ထွန်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

## ပေးအပ်လှူဒါန်း

ထို့နောက် ကျေးရွာစာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတရသ၊ စာအုပ်စာစောင် ၁၅၀၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက ခြောက်လစာအတွက် သတင်းစာ ၁၈၀၊ ကျေးရွာစာကြည့်တိုက်ကော်မတီဝင် ဦးအောင်မြတ်သူက စာကြည့်တိုက်အတွက် ရေဒီယိုတစ်လုံးပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။ စာကြည့်တိုက်မှာ အုတ်ကာ၊ သွပ်မိုး၊ ကွန်ကရစ်ခင်းဖြစ်ပြီး အလျားပေ ၂၀၊ အနံပေ၄၀ အကျယ်အဝန်းရှိကာ တန်ဖိုးငွေကျပ် ၂၅သိန်းဖြစ်ပြီး စာကြည့်တိုက်အလှူရှင် ဦးမောင်ကို-ဒေါ်စန်းမြင့်မိသားစုက အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

# ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ရမည်းသင်းမြို့နယ်၌ဖွင့်

ရမည်းသင်း ဩဂုတ် ၇

ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲကကြီးမှူး၍ ရပ်ကွက်နှင့်ကျေးရွာအုပ်စု မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ဖွင့်ပွဲကို ဇူလိုင် ၂၄ရက်နှင့် ၂၅ရက်က ရမည်းသင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ရမည်းသင်းခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ရမည်းသင်းမြို့နယ် တာဝန်ခံ ဦးစိုးမြင့်က အမှာစကား ပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးငွေသိန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

## ရှင်းလင်းပြသ

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းလမ်းညွှန်များကို ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် မဲရုံများတွင် ဆန္ဒမဲပေးခြင်းသရုပ်ပြပွဲကို ကျင်းပပြီး မဲဆန္ဒရှင်များ မဲပေးပုံနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ဆောင်ရမည့်တာဝန်များကို ရှင်းလင်းပြသသည်။

(ခရိုင် ပြန်/ဆက်)

**ဩဂုတ် ၁ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက် ကမ်းနားလမ်းရှိ Western Park Ruby စားသောက်ဆိုင်ပိုင်ရှင်များ၊ မန်နေဂျာများ၊ မီးဖိုခန်းတာဝန်ရှိသူများနှင့် စားဖိုမှူးများအား မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲကို မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အတွင်းရေးမှူး ဒေါ်ကြည်ကြည်ဆွေ၊ မြို့နယ်မီးသတ်စခန်းမှ တာဝန်ခံဒုတိယဦးစီးမှူး ဦးလှသောင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ် ပြန်/ဆက်)



**တောင်ငူမြို့နယ် ကန်တော်လမ်းမှ ကန်တော်ကြီးလိမ္မော် ကျွန်းကူး သစ်သားတံတားတည်ဆောက်နေမှုကို ဇူလိုင် ၁၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



# တက္ကသိုလ်ဝင်တန်းအောင် ဝန်ထမ်းသားသမီးများအား သံဖြူဇရပ်၌ ဂုဏ်ပြုဆုချီးမြှင့်

သံဖြူဇရပ် ဩဂုတ် ၇

သံဖြူဇရပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဝန်ထမ်းဝတ်စုံပေးအပ်ခြင်းအခမ်းအနားကို မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ဩဂုတ် ၂ရက်က ကျင်းပရာ သံဖြူဇရပ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ ဒုတိယဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က ဝန်ထမ်းများအား ဝတ်စုံပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီးနောက် ဝတ်စုံများကို ပေးအပ်သည်။

## ချီးမြှင့်

ဆက်လက်၍ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့သည်။

(အောက်ပုံ)(မြို့နယ် ပြန်/ဆက်)



# နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၁၀ခုနှစ် ဩဂုတ်လအတွက်**

**(၈-၈-၂၀၁၀)ရက်နေ့ နှင့်**

**(၂၉-၈-၂၀၁၀)ရက်နေ့**

# တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတက်ရောက်

နေပြည်တော် ဩဂုတ် ၇

**အရှေ့တောင်တိုင်းစစ်ဌာနချုပ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်၂၈ရက် နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ်ဝင်း၌ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက သစ်မွှေးပျိုးပင်ကို စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများ၏ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။**

## ဖြည့်ဆည်းဆောင်ရွက်

ထိုမှတစ်ဆင့် မော်လမြိုင်မြို့ စက်မှုဇုန်ရှင်းလင်းဆောင်သို့ရောက်ရှိပြီး ရှင်းလင်းဆောင်၌ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ စက်မှုဇုန်အတွင်း ပစ္စည်းထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးသည် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး ခွဲစိတ်ဆောင်သစ်သို့ရောက်ရှိပြီး အဆောက်အအုံတည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မော်လမြိုင်မြို့ ကလေးကုသဆောင်သစ်သို့ရောက်ရှိကာ ကလေးငယ်များအား ဆေးကုသနေမှု၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုနှင့် နားနေဆောင်တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး မော်လမြိုင်မြို့ အမှတ်(၂)မြိုင်ရတနာဈေးနှင့် အမှတ်(၁)ဈေးကြီးတို့၌ ဈေးဆိုင်ခန်းများ၊ ဈေးအတွင်း/အပြင် သန့်ရှင်းရေးစီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အမှာစကားပြောကြား

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဦးလှထွန်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ အကြိမ်(၁၂၀)မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)





**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲက ကျင်းပသည့် သားအိမ်ခေါင်းကင်ဆာအကြောင်းသိကောင်းစရာ ကျန်းမာရေးပညာပေးဟောပြောပွဲကို ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။** (အမျိုးသမီးရေးရာ)

# ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပ

## ဘဏ္ဍာ/အခွန်ဝန်ကြီးဦးလှထွန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၇

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ အကြိမ်(၁၂၀)မြောက်အစည်းအဝေးကို ဩဂုတ် ၆ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးလှထွန်းတက်ရောက်၍ အမှာစကား ပြောကြားသည်။**

ရှေးဦးစွာ ဝန်ကြီးဦးလှထွန်းက အမှာစကားပြောကြားရာတွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီနည်းပညာများ အကျိုးရှိစွာအသုံးပြုနိုင် ရေးလုပ်ငန်းစဉ်ဖြစ်သည့် e- Banking System ကို ထိရောက်စွာအသုံးချနိုင်ရေး ကြိုးပမ်းကြရန်ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍမြင့်မားလာပါက ပြည်သူတို့၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ လုပ်ငန်းရှင်များ၏ အကျိုးစီးပွားသည်လည်း ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သဖြင့် မျှတစွာ ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌတို့က ဘဏ်လုပ်ငန်းဆိုင်ရာများ ဆွေးနွေးပြောကြားကြပြီးနောက် ဝန်ကြီးဦးလှထွန်းက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဥတုရာသီ တောကိုမှီ၏





# ကျန်းမာရေးပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၇**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲကကျင်းပသည့် သားအိမ်ခေါင်းကင်ဆာအကြောင်းသိကောင်းစရာ ကျန်းမာရေးပညာပေးဟောပြောပွဲကို ဇူလိုင် ၂၉ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဟောပြောပွဲတွင် ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ ပါမောက္ခဌာနမှူး ပါမောက္ခ ဒေါက်တာဒေါ်ဝင်းဝင်းမြက အမျိုးသမီးတိုင်းအတွက် သားအိမ်ခေါင်းကင်ဆာအကြောင်း သိကောင်းစရာတို့ကိုဟောပြောပြီး တက်ရောက်လာကြသူများ၏ မေးမြန်းသည်တို့ကို ဖြေကြားခဲ့သည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကံမမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကမ်းနားလမ်းကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ဇူလိုင် ၂၁ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဦးတို့က ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ

## ပဲခူးမြို့တွင် ရှင်းလင်းဆွေးနွေး

ပဲခူး ဩဂုတ် ၇

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ဦးဆောင်ပြုလုပ်သည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ဇူလိုင် ၂၇ရက်နှင့် ၂၈ရက်များက ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ပဲခူးတိုင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စန်းက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော်မှုခင်းဌာန ဌာနမှူး ရဲမှူးကြီးစစ်အေးက ဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြပြီး လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့ ခေါင်းဆောင် ဒုတိယရဲမှူးကြီးညွန့်လှိုင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေနှင့် ဆက်စပ်ဥပဒေများ၊ ထူးခြားမှုခင်းများကို လည်းကောင်း၊ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာငါးနှစ်စီမံကိန်း (၂၀၁၀)ခုနှစ် လုပ်ငန်းစီမံချက်များကိုလည်းကောင်း ရှင်းလင်းသည်။

### ပူးပေါင်းဆောင်ရွက်

ဆက်လက်၍ UNIAP မှစီမံချက် အရာရှိ ဒေါ်နှင်းနှင်း၊ ဝေါလ်ဗွီးရှင်း(မြန်မာ)မှ စီမံချက် ညှိနှိုင်းရေးမှူး ဦးဝင်းထူးနိုင်၊ IOM မှ အစီအစဉ် ဆက်ဆံရေးအရာရှိ ဦးအောင်ကျော်သန်းတို့က လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာငါးနှစ်စီမံကိန်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်များကို ရှင်းလင်းတင်ပြသည်။

**(မြို့နယ် ပြန်/ဆက်)**

# သြဂဲနစ် သဘာဝလယ်မြေစိုက်ပျိုးရေး

## ကန့်ကြီးထောင့်၌ ပညာပေးဆွေးနွေး

**ကန့်ကြီးထောင့် ဩဂုတ် ၇**

ပုသိမ်ခရိုင် ကန့်ကြီးထောင့် မြို့နယ် ရှမ်းမောမြေကုမ္ပဏီ၏ သြဂဲနစ်သဘာဝလယ်ယာမြေစိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ထုတ်နည်း သုံးစွဲပုံ နည်းပညာပေး ဆွေးနွေးပွဲကို ဩဂုတ် ၃ရက် နံနက် ၁၀နာရီက ကန့်ကြီးထောင့်မြို့နယ် ဧရာသီရိသုခခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘဏ်လှိုင် **(အောက်ပုံ)**က အမှာစကားပြောကြားပြီး မြို့နယ် မြေစာရင်းဦးစီးမှူး ဦးမြင့်သောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးကြည်သိန်းတို့က စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေးသည်။





### ဆွေးနွေးတင်ပြ

ဆက်လက်၍ ရှမ်းမောမြေ ကုမ္ပဏီမှ တာဝန်ခံဦးမောင်မောင်စိုးနှင့် စိုက်ပျိုးရေးပညာရှင် ဦးစောရွှေတို့က သြဂဲနစ် ထုတ်လုပ်ပစ္စည်းများကို ကိုယ်တိုင်သုံးစွဲမှုအပေါ် ရရှိခဲ့သော အကျိုးကျေးဇူးများအကြောင်း ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



**ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဈေးကြီးရပ်ကွက် သင်္ဂဟလမ်းနေ ဒေါ်ကြင်လှိုင် (၈၄)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် တစ်နေ့စာ အထူးအာဟာရအတွက် ငွေကျပ် နှစ်သိန်းငါးသောင်းကို ဩဂုတ် ၂ရက်က နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။** (ဘိုးဘွားရိပ်သာ)

8-8 (12).pmd 1 8/8/2010, 1:28 AM

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

# ကွန်မြူနတီဒိုင်း ဘယ်အသင်းကိုင်မြှောက်ခွင့် ရနိုင်မလဲ

❖ စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ❖

❖ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း) ❖

လန်ဒန် ဩဂုတ် ၇

၂၀၁၀-၂၀၁၁ အင်္ဂလန်ဘောလုံးရာသီအကြို ကွန်မြူနတီဒိုင်းဘောလုံးပြိုင်ပွဲကို အင်္ဂလန်နိုင်ငံ ဝင်ဘလေကွင်းမှာ ချယ်လ်ဆီးနဲ့ မန်ယူအသင်းတို့ ဩဂုတ် ၈ရက် (ယနေ့)တွင် ယှဉ်ပြိုင်ကစားကြတော့မှာဖြစ်ပါတယ်။ အင်္ဂလန်ဘောလုံးရာသီအစမှာ ထိပ်တန်းကလပ်နှစ်သင်းရဲ့ ဒီနှစ်ဖလားတွေရယူရေးအတွက် ပထမဆုံး အားစမ်းတဲ့ပြိုင်ပွဲလည်းဖြစ်တာမို့ သူတို့ရဲ့ ခြေစွမ်းကို စွမ်းအားရှိသလောက် ထုတ်သုံးကြရမှာ သေချာပါတယ်။



ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာ။

## ယှဉ်ပြိုင်

(၈၈)ကြိမ်မြောက် ကွန်မြူနတီဒိုင်း ပြိုင်ပွဲကို ပြီးခဲ့တဲ့ဘောလုံးရာသီက ပရီမီယာလိဂ်ဖလား ဆွတ်ခူးခဲ့တဲ့ ချယ်လ်ဆီးနဲ့ ဒုတိယနေရာမှာရပ်တည်ခဲ့ရတဲ့ မန်ယူတို့ရဲ့ ယှဉ်ပြိုင်မှုက ရာသီအကြိုပွဲစဉ်အဖြစ် ပွဲကောင်းတစ်ခုဖြစ်လာမှာ သေချာနေပါတယ်။ ဒီပွဲကို ကွင်းလယ်ဒိုင်လူကြီး အင်ဒရီမာရီနာက တာဝန်ယူမှာဖြစ်ပြီး စည်းကြပ်ဒိုင်လူကြီးတွေကတော့ ဂျက်ကောလင်းနဲ့ အက်ဒမ်ဝပ်တို့ပဲ ဖြစ်ပါတယ်။

## စည်းမျဉ်း

ဒီနေ့ ကစားမယ့် ကွန်မြူနတီဒိုင်း ပြိုင်ပွဲမှာ ပွဲကစားချိန် မိနစ် ၉၀ပြည့်သွားတဲ့အထိ သရေပွဲဖြစ်ပြီး အရှုံးအနိုင် မပေါ်ခဲ့ရင် အချိန်ပိုဆက်မကစားရဘဲ ပယ်နယ်တီအဆုံးအဖြတ်ကို ရယူကြရမှာ ဖြစ်ပါတယ်။

## မှတ်တမ်း

ကွန်မြူနဒီဒိုင်းပြိုင်ပွဲနဲ့ ပတ်သက်ပြီး မှတ်တမ်းကို ကြည့်ရင်တော့ ချယ်လ်ဆီးအသင်းဟာ ကွန်မြူနတီဒိုင်းကို ၁၉၅၅ခုနှစ်၊ ၂၀၀၀ ပြည့်နှစ်၊ ၂၀၀၅ ခုနှစ်နဲ့ ၂၀၀၉ခုနှစ် တွေမှာ ရရှိခဲ့တာမို့ စုစုပေါင်းလေးကြိမ်ဆွတ်ခူးရရှိခဲ့ပါတယ်။ မန်ယူအသင်းကတော့ ကွန်မြူနတီဒိုင်းကို ၁၉၀၈၊ ၁၉၁၁၊ ၁၉၅၂၊ ၁၉၅၆၊ ၁၉၅၇၊ ၁၉၆၅၊ ၁၉၆၇၊ ၁၉၇၇၊ ၁၉၈၃၊ ၁၉၉၀၊ ၁၉၉၃၊ ၁၉၉၄၊ ၁၉၉၆၊ ၁၉၉၆၊ ၁၉၉၇၊ ၂၀၀၃၊ ၂၀၀၇ နဲ့ ၂၀၀၈ ခုနှစ်တွေမှာ ရရှိခဲ့ခြင်း ဖြစ်ပါတယ်။ လောလောဆယ်မှာတော့ ကွန်မြူနဒီဒိုင်း လက်ရှိပိုင်ရှင်ဟာ ချယ်လ်ဆီးတို့ပဲ ဖြစ်ပါတယ်။

## ဒဏ်ရာရရှိမှု

ရာသီအကြို ကွန်မြူနတီဒိုင်းပြိုင်ပွဲမှာ ပါဝင်ကစားဖို့ မသေချာတဲ့သူတွေကတော့ မန်ယူမှာ ဖာဒီနန်၊ ကာရစ်၊ အန်ဒါဆင်၊ ဖာဘီရိုနဲ့ ရာဖေးလ်တို့ဖြစ်ပါတယ်။ ဖာဒီနန်က ဒဏ်ရာရရှိနေပြီး ကာရစ်ကတော့ ပြီးခဲ့တဲ့ ဩဂုတ် ၄ရက်မှာ ခြေစမ်းပွဲအဖြစ် ဒဗ္ဗလင်အသင်းနဲ့ ကစားခဲ့တဲ့ပွဲမှာ ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့တာကြောင့် ပါဝင်ကစားဖို့ မလွယ်ပါဘူး။ ဖာဘီရိုနဲ့ ရာဖေးလ်တို့က ဇွန် ၆ရက်က အစာအဆိပ်သင့်သလိုဖြစ်နေလို့ ပါဝင်ကစားဖို့ သိပ်တော့မသေချာပါဘူး။ ဒါ့အပြင် အိုဝင်ကလည်း ကြံ့ခိုင်မှုမပြည့်သေးတာမို့ ရွန်နေပဲ မန်ယူတိုက်စစ်ကို ဦးဆောင်မှာ ဖြစ်ပါတယ်။



မန်ယူတိုက်စစ်မှူး ရွန်နေ။

ချယ်လ်ဆီးတို့ကလည်း ဂိုးသမား ပီတာချက် ဒဏ်ရာရနေပြီး ဒရော့ဘာကလည်း ခြေထောက်ခွဲစိတ်ကုသရထားလို့ ကြံ့ခိုင်မှုမပြည့်ဝပါဘူး။ ဒါကြောင့် တယ်ရီ၊ အက်ရှ်လေကိုး၊ အီဗန်နိုဗစ်၊ အက်စီယံ၊ လမ်းပတ်တို့ပဲ အဓိကထား ကစားကြမှာ ဖြစ်ပါတယ်။ ဒါပေမယ့်ပွဲဦးထွက်ဖြစ်တာမို့ ဒီပွဲဟာ အကြိတ်အနယ်ရှိမယ့် ပွဲဖြစ်မှာ အမှန်ပါပဲ။ မန်ယူဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီလေးရာသီမှာ ကွန်မြူနတီဒိုင်းပြိုင်ပွဲကို သုံးကြိမ်ဆင်နွှဲခဲ့တာဟာ နှစ်ကြိမ် သရေပွဲဖြစ်ပြီး တစ်ကြိမ်နိုင်ပွဲ ရရှိခဲ့ပါတယ်။ ဖာဂူဆန်ဟာ မန်ယူကို နည်းပြအဖြစ် ၂၄နှစ်တာကာလ တာဝန်ယူချိန်မှာ ကွန်မြူနတီဒိုင်း ရှစ်ကြိမ်ရရှိခဲ့တာမို့ ဒီနေ့ပွဲမှာလည်း ဘယ်အသင်းက ကွန်မြူနတီဒိုင်းကို ကိုင်မြှောက်အောင်ပွဲခံမလဲဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ။

ကိုးကား - အင်တာနက်

---

မြင့်မောင်စိုး - ရေးသားသည်

## ပရီမီယာလိဂ်ဖလား မန်ယူ ပြန်ရရေး ချယ်လ်ဆီးခြိမ်းခြောက်နေ

လန်ဒန် ဩဂုတ် ၇

မန်ယူ၏ ပရီမီယာလိဂ်ဖလား ပြန်လည်ဆွတ်ခူးနိုင်ရေး မျှော်လင့်ချက်ကို ချယ်လ်ဆီးအသင်းက အကြီးမားဆုံး ခြိမ်းခြောက်နေကြောင်း နည်းပြဖာဂူဆန်က ပြောကြားသည်။

ပြီးခဲ့သည့်နှစ်က အန်ဆယ်လော့တီ၏ ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်နှင့် အက်ဖ်အေဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့သည်။ မန်စီးတီးနှင့် တော့တင်ဟမ် ဟော့စပါးအသင်းတို့သည်လည်း ဖလားဆွတ်ခူးနိုင်သည့် အသင်းများဖြစ်နိုင်ကြောင်း၊ သို့သော် ချယ်လ်ဆီးသည် မိမိ၏ အဓိကပြိုင်ဘက်ဖြစ်ကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ဆက်လက်ပြောကြားသည်။ (အင်တာနက်)



## ဖာဘရီဂတ်စ်အာဆင်နယ်မှာ ကစားမည်

လန်ဒန် ဩဂုတ် ၇

မိမိသည် ဘာစီလိုနာသို့ ပြောင်းရွှေ့ရန် ဝန်ခံပြောကြားမိသော်လည်း အာဆင်နယ်မှာသာ ဆက်လက်ကစားမည်ဖြစ်ကြောင်း အသင်းခေါင်းဆောင် ဖာဘရီဂတ်စ်က ကြေညာလိုက်သည်။

အသက် ၂၃နှစ်အရွယ်ရှိ ဖာဘရီဂတ်စ်အား ဘာစီလိုနာက ခေါ်ယူရန် နွေရာသီတစ်ရာသီလုံး ဆက်သွယ်ကြိုးစားခဲ့သည်။ ဘာစီလိုနာက နှစ်ကြိမ်တိုင် ကြိုက်ကြေးပေးခေါ်ရန် ကြိုးစားခဲ့မှုကို အာဆင်နယ်က ပယ်ချခဲ့သည်။ (အင်တာနက်)





## မီတာ ၁၀၀ပြေးပွဲ တိုင်ဆန်ဂေးဗိုလ်စွဲ

စတော့ဟုမ်း ဩဂုတ် ၇

အမေရိကန် တာတိုအပြေးချန်ပီယံ တိုင်ဆန်ဂေးသည် စတော့ဟုမ်း၌ ကျင်းပသည့် ဒိုင်းမွန်းလိဂ်ပြေးခုန်ပစ်ပြိုင်ပွဲ မီတာ ၁၀၀ပြေးပွဲတွင် ဂျမေကာနိုင်ငံမှ ကမ္ဘာ့မီတာ ၁၀၀ပြေးပွဲစံချိန်ရှင် အူစိန်ဘော့အား ကျော်ဖြတ်ပြီး ဗိုလ်စွဲခဲ့သည်။

### မပါဝင်နိုင်

တိုင်စန်ဂေးသည် အဆိုပါ မီတာ ၁၀၀ပြေးပွဲတွင် စံချိန် ၉ဒသမ ၈၄ စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် နာမည်ကြီး အဆာဖာပိုဝဲလ်မှာ ဒဏ်ရာကြောင့် မပါဝင်နိုင်ခဲ့ပေ။ ၎င်းပြိုင်ပွဲ၌ ရစ်ချတ်သော်မဆင်က ၁၀ဒသမ၁၀ စက္ကန့်ဖြင့် တတိယဆုရရှိခဲ့သည်။ (အင်တာနက်)

---

## ကမ္ဘာ့အားကစား သတင်းအတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

### တိုက်စစ်မှူး ရိုမီအား စတုတ်စာချုပ်နိုင်ဖွယ်

*စတုတ်အသင်းနည်းပြ တိုနီပူလစ်သည် နော့ဝစ်ချ်အသင်းမှ တိုက်စစ်မှူးလိုအစ်ရီမီအား ပြောင်းရွှေ့ကြေး ပေါင် ၁၀သန်းပေးကာ လီဗာပူးနှင့် ဝက်စ်ဟမ်းနှစ်သင်းစလုံးထက် ဦးအောင် စာချုပ်ခေါ်ယူနိုင်ဖွယ်ရှိသည်။*

### မီလ်နာအား ဗီလာက ထွက်ခွာခွင့်ပြုမည်

*အက်စ်တွန်ဗီလာအသင်းသည် ဂျိမ်းစ်မီလ်နာအား မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ခွင့်ပြုမည်ဖြစ်ပြီး ယင်းပြောင်းရွှေ့မှုမှ ရရှိသည့် ငွေကြေးကို ဆဲလ်တစ်တောင်ပံကစားသမား အိုင်ဒင်မက်ဂီယာဒီအား ခေါ်ယူရာတွင် အသုံးပြုမည်ဖြစ်သည်။*

### ဇိုင်ကော့ဗ်အားခေါ်ယူရန် ဇင်းနစ်စဉ်းစား

*ရုရှားမှ ဇင်းနစ်သင်းသည် ချယ်လ်ဆီးအသင်းမှ ရုရှားခံစစ်မှူး ယူရီဇိုင်ကော့ဗ်အား ပြောင်းရွှေ့ကြေး ပေါင် ၂၁သန်းပေးကာ ရုရှားသို့ ပြန်လည်ခေါ်ယူရန် စဉ်းစားနေသည်။*

### လူကီရမ်းဂ်အားခေါ်ယူရေး မာ့ခ်ဟူချ်သဘောတူ

*ဖူလ်ဟမ်အသင်းနည်းပြသစ် မာ့ခ်ဟူချ်သည် အက်စ်တွန်ဗီလာအသင်းခံစစ်မှူး လူကီရမ်းဂ်အား ခေါ်ယူရေးကို သဘောတူခဲ့သော်လည်း ၎င်း၏ကစားဖော် ကွင်းလယ်ကစားသမားစတိဗ်ဆစ်ဒ်ဝဲလ်အား ခေါ်ယူရေးကိုမူ ငြင်းပယ်ခဲ့သည်။*

### ပြေးခုန်ပစ်မယ် အင်းနစ် ခေတ္တအနားယူမည်

*စပိန်နိုင်ငံ ဘာစီလိုနာ၌ ကျင်းပခဲ့သော ဥရောပချန်ပီယံရှစ် ပြေးခုန်ပစ်တွင် ဟက်ပ်တာသလွန်ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆွတ်ခူးခဲ့သူ ဗြိတိသျှပြေးခုန်ပစ်မယ် ဂျက်ဆီကာအင်းနစ်က ယခုနှစ်အတွင်း ကျန်ရှိသည့် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည် မဟုတ်ဘဲ ခေတ္တအနားယူမည်ဖြစ်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။*

### စတော့ဟုမ်းပြေးခုန်ပစ် ပိုဝဲလ်ကျော်ခိုင်းခဲ့ရ

*ပြေးခုန်ပစ်သမား အဆာဖာပိုဝဲလ်သည် ကျောကုန်းဒဏ်ရာရရှိခဲ့မှုကြောင့် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် ကျင်းပသော ပြေးခုန်ပစ် မီတာ ၁၀၀ပြိုင်ပွဲ၌ ပြိုင်ဘက်များဖြစ်ကြသည့် ကမ္ဘာ့စံချိန်ရှင် အူစိန်ဘော့၊ တိုင်ဆန်ဂေးတို့နှင့်အတူ ပြိုင်ပွဲဝင်ရေး အိပ်မက်ပျက်ပြယ်ကာ ပြိုင်ပွဲကို ကျောခိုင်းခဲ့ရသည်။*

### ကာမိုရာနီစီအားစာချုပ်ရန် မက်ကလစ်ရှ်ပြင်ဆင်

*ဘာမင်ဂမ်အသင်းနည်းပြ အဲလက်စ်မက်ကလစ်ရှ်သည် ဂျူဗင်းတပ်စ်အသင်း ကွင်းလယ်ကစားသမား ကာမိုရာနီစီအား စာချုပ်ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။*

---

မြန်မာ့အလင်း နိုင်ငံတကာ ရုပ်ရှင်နှင့် အနုပညာ နိုင်ငံတကာ ရုပ်ရှင်နှင့် အနုပညာ နိုင်ငံတကာ ရုပ်ရှင်နှင့် အနုပညာ

# ဟောလိဝုဒ်၌ ဝင်ငွေအကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်များ

စုစည်းရေးသားသူ - မိုးမြင့်လင်းလက်

*ပေကျင်း ဩဂုတ် ၇*

*အာရှနှင့် ဥရောပတို့၏ ယဉ်ကျေးမှုနှင့် အနုပညာတို့က ကွဲပြားသည်။ ထို့အတူ အနုပညာကို ဖော်ထုတ်ပြသမှုအပိုင်းတွင်လည်း မတူညီချေ။ သို့သော် သရုပ်ဆောင်မှုအပိုင်း၌ ပီပြင်ကြသည်။ အာရှသားတို့အနေဖြင့် အနောက်တိုင်းသားတို့၏ သရုပ်ဆောင်မှုကိုသာ နမူနာယူပြီး ၎င်းတို့၏ ဝတ်စားဆင်ယင်မှု၊ နေထိုင်မှုပုံစံကို နမူနာမယူသင့်ချေ။ ကိုယ့်ယဉ်ကျေးမှုနှင့် ကိုယ်သာဖြစ်သည်။ ယခု လူအများနှုတ်ဖျားတွင် သရုပ်ဆောင်မှုအပိုင်း၌ ရေပန်းစားနေသည့် ဟောလိဝုဒ်ရုပ်ရှင်လောကမှ မင်းသမီးများအနက် ၂၀၀၉ခုနှစ် ဇွန်လမှ ၂၀၁၀ဇွန်လအတွင်း ဝင်ငွေအကောင်းဆုံး ရုပ်ရှင်သရုပ်ဆောင် ၁၀ဦးကို ဖောဘတ်မဂ္ဂဇင်းက ရွေးချယ်ဖော်ပြခဲ့သည်။၎င်းတို့အနက် အချို့ကို ဖော်ပြရပါလျှင်-*



### *ဂျနီဖာအင်နီစတန်*

*ဟောလိဝုဒ်၌ စတုတ္ထမြောက် ဝင်ငွေအကောင်းဆုံး အမျိုးသမီး ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်သည်။ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ဇာတိဖြစ်ပြီး ၁၉၆၉ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်၌ မွေးဖွားခဲ့သူဖြစ်သည်။ ၁၉၈၇ခုနှစ်၌ သရုပ်ဆောင်အဓိကဖြင့် ဘွဲ့ရရှိခဲ့သူဖြစ်ပြီး ဖခင်ဖြစ်သူ ဂျွန်အင်နီစတန်မှာလည်း သရုပ်ဆောင်တစ်ဦး ဖြစ်သည်။ ထို့အတူ မိခင်ဖြစ်သူ နန်စီအင်နီစတန်မှာလည်း မော်ဒယ်လ်နှင့် သရုပ်ဆောင်တစ်ဦးပင်ဖြစ်ရာ အနုပညာမိသားစုမှ ဆင်းသက်လာသူ ဖြစ်သည်။ ၂၀၀၉ခုနှစ် ဇွန်လမှ ၂၀၁၀ခုနှစ် ဇွန်လအထိ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၇သန်း ရရှိခဲ့သူ ဖြစ်သည်။*

### *ကင်မရွန်ဒိုက်ဇ်*

*ဟောလိဝုဒ်၌ တတိယမြောက် ဝင်ငွေအကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဖြစ်သည်။ ရုပ်ရှင်သရုပ်ဆောင်အဖြစ်သာ တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သူဖြစ်သည်။ ဇာတိမှာ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒီရာဂိုမြို့ဖြစ်ပြီး ၁၉၇၂ခုနှစ် ဩဂုတ် ၃၀ရက်က မွေးဖွားခဲ့သူဖြစ်သည်။ ၁၉၈၈ခုနှစ်မှ ၁၉၉၃ခုနှစ်အထိ ဖက်ရှင်မော်ဒယ်လ်အဖြစ် လုပ်ကိုင်ခဲ့ပြီး ၁၉၉၃ခုနှစ်မှ စတင်ကာ ရုပ်ရှင်များ ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၁၀ခုနှစ်အတွက် ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံး အမျိုးသမီးဦးရေ ၁၀၀တွင် နံပါတ် ၁၃၌ ရပ်တည်နေသူဖြစ်သည်။ ၂၀၀၉ခုနှစ် ဇွန်လမှ ၂၀၁၀ခုနှစ်အထိ ဟောလိဝုဒ်၌ ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၂သန်းကျော် ရရှိခဲ့သူဖြစ်သည်။ (အင်တာနက်)*



# ဖလမ်းမြို့နယ် မိုးစပါးထွန်ယက်စိုက်ပျိုးပွဲ ဗိုလ်မှူးချုပ်ဟုန်းငိုင်း တက်ရောက်

နေပြည်တော် ဩဂုတ် ၇

ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းသည် ဇူလိုင် ၁၃ရက်က ဖလမ်းမြို့နယ် ရမ်ထလိုကျေးရွာ၌ကျင်းပသည့် မိုးစပါးထွန်ယက်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

**အားပေး**

ရှေးဦးစွာ ပြည်နယ်ဥက္ကဋ္ဌသည် မိုးစပါးစုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုပြီး အမှာစကားပြောကြားကာ ရမ်ထလို အခြေခံပညာအထက်တန်းကျောင်းပတ်ဝန်းကျင်ရှိ အောင်မြင်ဖြစ်ထွန်းနေသော လက်ဖက်စိုက်ခင်းကို လှည့်လည်ကြည့်ရှုသည်။

ပြည်နယ်ဥက္ကဋ္ဌသည် ဇူလိုင်၁၇ ရက်တွင် ဟားခါးမြို့ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး အခမ်းအနား တက်ရောက်လာကြသူများ၏ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

**သွားရောက်ကြည့်ရှု**

ပြည်နယ်ဥက္ကဋ္ဌသည် ဇူလိုင် ၂၄ရက်တွင် ဖလမ်းမြို့နယ် တလန်ဇာကျေးရွာ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး လိုင်ဗားရေအား လျှပ်စစ်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# မန္တလေးတိုင်း ဝါနှင့်ပိုးချည်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

မန္တလေး ဩဂုတ် ၃

မန္တလေးတိုင်း ဝါနှင့်ပိုးချည်လုပ်ငန်းဌာန၏ မန္တလေးတိုင်း အတွင်းရှိ ချည်မျှင်ရှည်ဝါစိုက်ဧရိယာများ၌ ငွေချည်(၆) ချည်မျှင် ရှည်ဝါ ပြောင်းလဲစိုက်ပျိုး၍ စိုက်ဧရိယာများတွင် တစ်ဧကပိဿာ ၁၀၀၀ အထက်ထွက်ရှိရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၂၇ရက် နံနက်၁၀နာရီက ဝါနှင့်ပိုးချည်လုပ်ငန်းဌာန တိုင်းမန်နေဂျာ ရုံး၌ကျင်းပရာ တက်ရောက်လာကြသော တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်မန်နေဂျာများက ငွေချည် (၆) ချည်မျှင်ရှည်ဝါ တစ်ဧကလျှင် ပိဿာ ၁၀၀၀ အထက် ထွက်ရှိရေးအတွက် အကြံပြုဆွေးနွေး တင်ပြကြပြီး တိုင်းမန်နေဂျာက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ **(အပေါ်ပုံ)**

မန္တလေးတိုင်းအတွင်းတွင် ချည်မျှင်ရှည်ဝါစုစုပေါင်း စိုက်မည့် လျာထားဧက ၂၆၆၈၀၀ အနက် ရေတော်မိုးတော်ဧရိယာ ဧက ၈၈၂၄၀ ကို ငွေချည်(၆) ချည်မျှင်ရှည်ဝါပြောင်းလဲစိုက်ပျိုးမည် ဖြစ်ကြောင်း သိရသည်။ **(မန္တလေးကိုယ်ပွား)**



# ရွေးကောက်ပွဲဆိုင်ရာ သင်တန်းဖွင့်

မြင်းမူ ဩဂုတ် ၂

မြင်းမူမြို့နယ် ရပ်ကွက်နှင့်ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များအား ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်ပတ်သက်၍ အလ္လကပ္ပ (စံပြ)ကျေးရွာ အထကခန်းမ၌ ဩဂုတ် ၂ရက် နံနက် ၈နာရီက သင်တန်းပို့ချခဲ့သည်။**(ဝဲပုံ)**

အဆိုပါသင်တန်းသို့ ခရိုင်၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဉာဏ်ထွန်း၊ အတွင်းရေးမှူး ဦးသိန်းတန်နှင့် မြို့နယ်ကော် မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု များမှ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ သင်တန်းနည်းပြ ၁၈ဦးနှင့် သင်တန်းသား ၁၂၅ ဦး စုစုပေါင်း ၁၄၃ ဦး တက်ရောက် ကြသည်။ (ဝ၃၅)

# ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေး သစ်ပင်စိုက်ပျိုးပွဲ ကျွန်းလှ၌ကျင်းပ

ကျွန်းလှ ဩဂုတ် ၃

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကျွန်းလှ မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပွဲကို ဩဂုတ် ၅ရက် နံနက်က စက်တော်ရာ ဘုန်းတော်ကြီး ကျောင်း၌ ကျင်းပသည်။

**စိုက်ပျိုး**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာ ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေး မှူး ဒေါ်ခင်ဖြူဖြူသက်၊ အဖွဲ့ဝင်ဒုတိယ ရဲမှူး မြင့်သန်း၊ သစ်တောဦးစီးအရာရှိ ဦးထွန်းထွန်းဝေနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာ များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များနှင့် ပညာရေးဝန်ထမ်းများက မဲဇလီ၊ တမာ၊ ယင်းမာ၊ အော်ရီးရှားနှင့် မန်ကျည်းအရိပ်ရ ပင် ၁၅၀၀ ကို စိုက်ပျိုး ကြသည်။ **(အောက်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**

# ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း စာအုပ်စာစောင်များလှူဒါန်း

တောင်တွင်းကြီး ဩဂုတ် ၄

တောင်တွင်းကြီး မြို့နယ်အတွင်းရှိ ကျေးရွာ စာကြည့်တိုက်များအတွက် စာကြည့်တိုက်ဖောင်ဒေးရှင်းက လှူဒါန်း သည့် စာအုပ်စာစောင်များ ပေးအပ် လှူဒါန်းပွဲကို ဇူလိုင် ၁၅ရက်က မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီး ဌာနရုံး၌ ကျင်းပသည်။ လှူဒါန်းပွဲတွင် အလှူရှင်များက ကုက္ကိုလှကျေးရွာ ကုက္ကိုရိပ်စာကြည့်တိုက်အတွက် ရေဒီယို တစ်လုံးနှင့်စာအုပ်စာစောင် ၅၀၊ ပင်တိုင် အုပ်စု၊ ဆီမီးထွန်းအုပ်စု၊ ဟင်္ဂရော်အုပ်စု၊ ရွာလေးကုန်း၊ ရေဝေအုပ်စု၊ ကြို့ချောင်း၊ တက်ပုအောင်း၊ အလယ်စု၊ ကုက္ကိုကုန်းနှင့် ကုက္ကိုခွကျေးရွာများသို့ စာအုပ်စာစောင် ၅၀စီ ပေးအပ်လှူဒါန်းသည်။

ထို့နောက် အလှူရှင် ဒုတိယရဲမှူးကြီး တင်အေး(ငြိမ်း) လှူဒါန်းသော ငွေကျပ် တစ်သိန်း၊ နာရီနှစ်လုံး၊ ပန်းချီကား ခြောက် ချပ်နှင့် စာအုပ်စာစောင် ၇၄၇ စောင်ကို အလှူရှင်ကိုယ်စား ဦးစိုးတင့်က ပေးအပ် လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဦးဇော်ဌေး အောင်က လက်ခံယူသည်။ (၂၀၃)

# မြို့နယ်သတင်းထွေတလာ

## သစ်ပင်စိုက်ပျိုးပွဲ ဆင်ဘို၌ ကျင်းပ

ဆင်ဘို ဩဂုတ် ၁

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့၌ ဇူလိုင် ၁၀ရက် နံနက်က သစ်တောဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဆင်ဘိုအထကကျောင်းဝင်းပတ်လည်တွင် ကျွန်းပင် ၁၇၀ကို စိုက်ပျိုးကြသည်။

**တက်ရောက်**

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစိုးစိုးသက်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက် ကြသည်။ **(မြို့နယ် ပြန်/ဆက်)**





**မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှုအောက်ရှိ မြို့မဈေး၊ မင်္ဂလာဈေး၊ အောင်ရတနာဈေးနှင့် သားငါးဈေးတန်းအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဩဂုတ် ၃ရက်က ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဒုတိယဦးစီးမှူး(ဈေး)ဦးကျင်စိုးနှင့် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာ အမှုဆောင် အရာရှိ ဦးသန်းအေး ကြီးကြပ်စဉ်။** (မြို့နယ်စည်ပင်)

# ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း သာစည်မြို့နယ်၌ဖွင့်

သာစည် ဇူလိုင် ၂၃

မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင် တန်းဖွင့်ပွဲကို ဇူလိုင်၂၂ရက် နံနက် ၉နာရီက သာစည်မြို့နယ်ခန်းမ၌ကျင်းပရာ မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝါလားက အဖွင့် အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

**သရုပ်ပြ**

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ မဲရုံမှူး၊ဒုတိယမဲရုံမှူး ၄၉၆ဦးတက်ရောက် ကြပြီး မဲရုံမှူး၊ဒုတိယမဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင် များ၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် များနှင့် ပတ်သက်၍ မြို့နယ်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ဦးသိန်းအောင်၊ ဦးဝင်းတင့်၊ ဦးဝင်းနိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဟန်ထွန်းနိုင်တို့က သင်တန်းများ ပို့ချကြပြီး မဲရုံတွင် မဲပေးပုံ အဆင့်ဆင့်ကို လက်တွေ့ သရုပ်ပြကြ သည်။

**(မြို့နယ် ပြန်/ဆက်)**

**ရွှေကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့တော်ခန်းမရှေ့၌ မြေယာရှုခင်း ဆောင်ရွက်မှုကို ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင် မောင်အောင် ဇူလိုင် ၁၅ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်အောင်နီ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



# မြိတ်မြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၇

မြိတ်မြို့နယ်အသင်း(ရန်ကုန်)၏ ဝါတွင်းကာလ စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၁၅ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီတွင် မြိတ်အသင်းတိုက် အမှတ် ၆၈ လှည်းတန်းလမ်း လမ်းမတော်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြိတ်နယ်သူ နယ်သား များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက အထွေထွေအတွင်းရေးမှူး ဦးတင်ဝမ်း ဖုန်း-၀၉-၉၈၂၃၄၁၉၊ ၂၉၃၅၃၅၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးယုရှိန် ဖုန်း-၀၉- ၉၈၂၁၇၁၀၊ ၆၈၀၃၃၅၊ ဗဟိုအလုပ်အမှုဆောင် ဦးအေးညိမ်း ဖုန်း-၃၈၂၀၈၂ နှင့် မြိတ်အသင်းတိုက် ဖုန်း-၂၂၄၃၄၀ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**





# ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ပင်းတယမြို့နယ်၌ဖွင့်လှစ်

ပင်းတယ ဩဂုတ် ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ပင်းတယမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းကို ပင်းတယ မြို့နယ်ဓမ္မာရုံ ပတ္တမြားခန်းမ၌ ဩဂုတ် ၃၀ရက် နံနက် ၉နာရီကကျင်းပရာ ခရိုင်ကော်မရှင် ဥက္ကဋ္ဌ ဦးတင်ဦး၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က အမှာစကား ပြောကြား သည်။ထို့နောက် မြို့နယ်ကော်မရှင်အတွင်းရေးမှူး ဦးခွန်သိန်းရွှေ၊ အဖွဲ့ဝင်များဖြစ်ကြသည့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝိုင်းလှမျိုး၊ ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးထွေး၊ မြို့နယ်တရားသူကြီး ဒေါ်နွယ် နီဦးနှင့် ဥပဒေအရာရှိ ဒေါ်နန်းခမ်းနွယ်တို့က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ များနှင့် လုပ်ငန်းလမ်းညွှန်များကို ရှင်းလင်းပို့ချခဲ့ကြောင်းသိရသည်။**(မြို့နယ်ကော်မရှင်အဖွဲ့ခွဲ)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

## မြန်မာ့အလင်း ပြည်တွင်းနှင့် နိုင်ငံတကာ သတင်းအညွှန်း



တင်ထွေး(သတင်းစဉ်)၏ 'သဘာဝ အနံ့အရသာနှင့် အရည်အသွေးမီကော်ဖီမှုန့် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော ပြင်ဦးလွင် ကော်ဖီစက်ရုံ' (စာ-၁၀)

'ဂရင်းလန်းကျွန်း မြောက်ဘက်ရေပြင်တွင် အရွယ်အစား အလွန်ကြီးမားသည့် ရေခဲကျွန်းတစ်ခုကို ဩဂုတ် ၆ရက်၌ ရှာဖွေတွေ့ရှိခဲ့ကြရာ အရွယ်အစားကြီးမားလွန်းသဖြင့် အံ့ဩခဲ့ကြရ'

ကိုသစ္စာ၏ "ဂရင်းလန်းမြောက်ဘက်မှ ရေခဲကျွန်းကြီး" (စာ-၅)





'ပရီမီယာလိဂ်ဖလား မန်ယူ ပြန်ရရေး ချယ်လ်ဆီး ခြိမ်းခြောက်နေ' နိုင်ငံတကာအားကစား (စာ-၁၃)



မိုးမြင့်လင်းလက်၏ 'ဟောလိဝုဒ်၌ ဝင်ငွေအကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်များ' (စာ-၁၃)



'၂၃နှစ်ကြာ ပိတ်ထားခဲ့ရသည့် ရုပ်ရှင်ရုံ ပါလက်စတိုင်း၌ ပြန်လည်ဖွင့်လှစ်' နိုင်ငံတကာသတင်း (စာ-၄)

## ကမ္ဘာ့အကြီးဆုံး ကျားထိန်းသိမ်းရေးစခန်း ဟူးကောင်းတောင်ကြားဒေသဖြစ်လာမည်

ကောင်းမြတ်သူ ➤ စုစည်းသည်

*ဗန်ကောက် ဩဂုတ် ၇*

*မျိုးသုဉ်းပျောက်ကွယ်သွားနိုင်သည့် ကျားသတ္တဝါများ ကောင်ရေတိုးပွားလာစေရန်အတွက် ကမ္ဘာ့အကြီးဆုံး ကျားထိန်းသိမ်းစောင့်ရှောက်ရေးစခန်းကို မြန်မာနိုင်ငံက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။*

*ကျားထိန်းသိမ်းရေးစခန်း*

*အဆိုပါ ကျားထိန်းသိမ်းစောင့်ရှောက်ရေးစခန်းသည် ဟူးကောင်းတောင်ကြားဒေသတွင် ရှိသည်။ ယင်းဟူးကောင်းတောင်ကြားတစ်ခုလုံးကို ကျားထိန်းသိမ်းရေးစခန်းအဖြစ် သတ်မှတ်ထားသည်။ အကျယ်အဝန်းအားဖြင့် စတုရန်းမိုင် ၈၄၅၀ရှိသည်။*

*စာမျက်နှာ ၆ ကော်လံ ၃* ●



8-8 (20).pmd 1 8/8/2010, 1:28 AM